

# ရေးလာတဲ့ပေးစာ

**သို့/ ဂွဏ်းခေါ်အယ်ဒီတာ–ခင်ဗျား**

ကျနော့်အမည်စောနောင်ဖြစ်ပါတယ်။ ကရင်လူမျိုးပါ။ ကျနော့်မှာသတိတချက်မှားပြီး သူငယ်ချင်းမပို့ရဲတဲ့ မူးယစ်ဆေးဝါးကို ပို့ပေးရာကနေ ဝယ်သူဘက်ကပုလိပ်နဲ့ပူးပေါင်းပြီး ဖမ်းဆီးခြင်းခံခဲ့ရပါတယ်။ အခု ကျနော် ထိုင်းနိုင်ငံထောင်တစ်ခုမှာထောင်နန်းစံနေတာ ၃ လကျော်ပါပြီ။ မြန်မာနိုင်ငံမှာနေတုန်းကလည်း အစိုးရဝန်ထမ်း ၅ နှစ်လုပ်ခဲ့ဖူးပါတယ်။ နအဖရဲ့မူ၊ စနစ်ကိုမကြိုက်လို့၊ ကျနော်တို့ဌာနမှာတင် အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစားစနစ် ရေပန်းစားကျင့်သုံးနေလို့ အလုပ်က ထွက်ပြီး ထိုင်းကိုကျနော်ရောက်လာခဲ့တာပါ။

ဒီရေ ကမှ အတက်ရှိသလို အကျရှိပါသေးတယ်။ ဆန်တစ်ပြည်ကျပ် ၁,၀၀၀ ကနေ ရှေ့ဆက်တက်တက်နေပြီးမကျတဲ့ ဗမာပြည်ကုန်ဈေးနှုန်းကြီးကြားက ဝမ်းရေးအတွက်ရုန်းကန်နေရတာ မောင်နှမများတဲ့ ကျနော်တို့မိသားစုဟာ လက်မလည်နိုင်အောင်ပါဘဲ။ ကျနော်တို့မိသားစုလိုဘဲ (စစ်အုပ်စု အရာရှိအသိုင်းမဝိုင်းမဟုတ်တဲ့) ပြည်သူလူထုတိုင်းလိုလိုဟာ စုဋ္ဌေရှိနိုင်မှာမဟုတ်တော့ လွတ်လပ်သော ဒီမိုကရေစီလူနေမှုစနစ် ကိုလိုလားကြတယ်။ ဒီမိုကရေစီသာရခဲ့ရင် စားဝတ်နေရေးချောင်လည်လာမှာဖြစ်တဲ့အတွက် ကျနော်အခုကြုံတွေ့နေတဲ့အဖြစ်မျိုး ကျန်တဲ့မောင်နှမတွေ ကြုံရမှာမဟုတ်ဘူးလို့လဲတွေးမိတယ်။ အကြောက်တရားကင်းကင်းနဲ့ အလုပ်လုပ်နိုင်မှာဖြစ်တယ်လို့ ယုံကြည်တယ်။

ကျနော်တို့ မြန်မာနိုင်ငံသားတွေထိုင်းထဲနေ့စဉ်နဲ့အမျှဝင်လာနေတာတွေ့ရပါတယ်။ စားဝတ်နေရေးအဆင်မပြေလို့ သူများနိုင်ငံမှာ လူမျိုးရေးခွဲခြားဆက်ဆံတာကိုခံရပြီး ကျွန်လိုအလုပ်လုပ်၊ မတန်တဆခိုင်းခံရ၊ သူများဆဲသမျှခံ၊ သူများပေးသမျှသာယူရတဲ့ ကျနော်တို့ မြန်မာနိုင်ငံသားကို နေ့စဉ်တွေ့နေရတယ်။ မြင်တိုင်းလဲ အသဲကွဲမတတ်ခံစားခဲ့ရတယ်။ ဒီအကြောင်းတွေ စစ်အုပ်စုမသိသေးတာလား၊ မသိချင်ယောင်ဆောင်နေတာလား၊ ဒါမှမဟုတ်သေတဲ့အထိ ကိုယ်ကျိုးအတွက်ဘဲလုပ်နေတော့မှာလား၊ ဒီမိုကရေစီရေးဆိုတာ သူတို့ခမျာ မသိတာလား၊ ဦးနှောက်ထဲ လုံးဝထည့်မစဉ်းစားတော့တာလား၊ Independence စာစောင်ကနေ မေးချင်ပါတယ်။

မော်လမြိုင်သား **စောနောင်**



# နှစ်ရှည်ထောင်ကျ သျှမ်းခေါင်းဆောင်များ ကျန်းမာရေးဆိုးရွား

ထောင်ဒဏ်နှစ်ရှည်ကျခံနေရသော သျှမ်းခေါင်းဆောင်များ၏ ကျန်းမာရေးအခြေအနေ ဆိုးရွားလျက်ရှိပြီး တချို့မှာ နှစ်လခန့်ဆေးရုံတင်ထားရသည့်အထိဖြစ်နေကြောင်း သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က ပြောသည်။

မန္တလေးတိုင်း မြင်းခြံထောင်၌ ထောင်ဒဏ် ၇၉ နှစ်ကျခံနေရသည့် သျှမ်းပြည်မျိုးဆက်သစ်အဖွဲ့ဝင် စိုင်းမျိုးဝင်းထွန်းသည် နှလုံးရောဂါ၊ လိပ်ခေါင်းနှင့် စိတ်ရောဂါ ဝေဒနာများကြောင့် ပြီးခဲ့သည့် ဩဂုတ်စ်လကတည်းက ဆေးရုံတင်ထားရသည်ဟု ဆို၏။

*“ဩဂုတ်စ်လကတည်းက ဆေးရုံတက်ရတယ်။ ခုချိန်အထိဆိုတော့ ၂ လလောက်ရှိသွားပြီ။ နဂိုကတည်းက နှလုံးရောဂါခံစားနေရပြီး နိုင်ငံရေးအကျဉ်းသားရပိုင်ခွင့်လုံးဝမရှိ၊ နေရထိုင်ရခက်ခဲကျပ်တည်းလွန်းတဲ့ဒဏ်တွေကြောင့် စိတ်ကျရောဂါခံစားလာတယ်။ လိပ်ခေါင်းလဲထတယ်။ ထမင်းမစားနိုင်ဘူး၊ ရေဘဲသောက်တယ်။ အားနည်းလာပြီး လူကိုတောင်မမှတ်မိတော့တဲ့အခြေအနေဖြစ်လာတော့ ဆေးရုံတင်ရတယ်။ အခုနဲ့နဲသက်သာလာပြီလို့ မိသားစုကပြောတယ်။ မနှစ်ကလည်းသူတခါဆေးရုံတက်ရတယ်။ ဆေးရုံမှာကုသခံရရင်သက်သာတယ်။ ထောင်ထဲပြန်ရောက်တော့ရောဂါပြန်သည်းလာတယ်။ မိသားစုကတော့ ရန်ကုန်ဆေးရုံသွားပြချင်နေတယ်။အခွင့်ရအောင်စာတင်ထားဆဲ”* ဟု SNLD ပြောခွင့်ရပုဂ္ဂိုလ် ဦးစိုင်းလိတ်ကပြော၏။

သွေးတိုး၊ ဆီးချိုရောဂါအသည်းအသန်ပြန်ဖြစ်နေခဲ့သည့် ရခိုင်ပြည် ကျောက်ဖြူထောင်ရှိ SNLD - EC ဦးစိုင်းလှအောင်အား မိသားစုက ထောင်ဝင်စာသွားတွေ့ရာတွင် ထောင်ပိုင်အားသိန်းချိ လာဘ်ထိုးမှ တွေ့ခွင့်ရကြောင်းလည်း ဆွေမျိုးတော်စပ်သူတစ်ဦးက ဤကဲ့သို့ ပြန်ပြောပြသည်။

*“ကျောက်ဖြူထောင်ပိုင် ဦးကျော်ဌေးက အသက် ၄၅ နှစ်ဘဲရှိသေးတယ်။ တော်တော်ကြီးကျယ် မောက်မာတယ်။ မင်းသား ဝင်းဦးစတိုင်နဲ့။ လာဘ်စားတာလည်း ပြောမနေနဲ့တော့။ သိန်းချီ လာဘ်ထိုးမှ အကျဉ်းသားတွေနဲ့တွေ့ခွင့်ရတယ်။ သူ့လက်အောက်ငယ်သားတွေကို မျှဝေပေးကမ်းတာသိပ်မရှိတော့ ထောင်ဝန်ထမ်းတွေ သူ့ကိုကြည့်လို့မရဘူး ဆိုဘဲ။ အထက်အရာရှိတွေကို ဘဏ္ဍာဆက်သတတ်တော့ အခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ သူထောင်ပိုင်ဖြစ်နေတာ – တဲ့ ”* ဟု ဆိုပါသည်။

ကျောက်ဖြူထောင်မှ ဦးစိုင်းလှအောင်မှာ မနှစ်က ထောင်ဆရာဝန်များနှင့် ဆေးကုသခွင့်ရသော်လည်း ယခုနှစ်မိုးရာသီမှစ၍ ထောင် ဆရာဝန်များ ရောဂါစစ်ဆေးပေးခြင်းမရှိသည့်ပြင် ဆေးရုံတက်ဆေးကုသခွင့်တောင်းသော်လည်းမရသဖြင့် ကိုယ်အလေးချိန်ကျကာ စိုးရိမ်နေရသည့် အခြေအနေဖြစ်နေသည်ဟု မိသားစုကဆိုပါသည်။

စစ်ကိုင်းတိုင်း ခန္တီးထောင်၌ ထောင်ဒဏ် ၁၀၆ ကျခံနေရသည့် အပစ်ရပ် SSA မြောက်ပိုင်း နာယကဗိုလ်ချုပ်ဆေထဲန်မှာလည်း မျက်စိရောဂါဝေဒနာကုသခွင့်ရဖို့ တင်ပြတောင်းဆိုထားသည်မှာ ၃ လရှိပြီဖြစ်သော်လည်း ယခုချိန်အထိတစုံတရာအကြောင်း ပြန်ခြင်းမရှိသေးဟု မိသားစုဝင်များက ပြောပါသည်။

ကချင်ပြည် ပူတာအိုအကျဉ်းထောင်၌ ထောင်ဒဏ် ၉၆ နှစ်ကျခံနေရသူ SNLD သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ စဝ်ခွန်ထွန်းဦးနှင့် စစ်ကိုင်းတိုင်းကလေးထောင်၌ ထောင်ဒဏ် ၈၅ နှစ်ကျခံရသူ SNLD အတွင်းရေးမှူးစိုင်းညွန့်လွင်တို့အားလည်း ယခုတစ်ပတ်အတွင်း မိသားစုဝင်များက သွားရောက်တွေ့ဆုံရန်ရှိသည်ဟု ဆိုပါသည်။ ❑



အပစ်ရပ် SSA မြောက်ပိုင်း နာယကဗိုလ်ချုပ်ဆေထဲန်



SNLD ဥက္ကဋ္ဌ စဝ်ခွန်ထွန်းဦး

# သျှမ်းခေါင်းဆောင်များ ကျန်းမာရေးဆိုးရွားရခြင်း၏ အဓိကတရားခံမှာ စစ်အစိုးရ



SNLD အထွေထွေအတွင်းရေးမှူး
ဦးစိုင်းညွန့်လွင်



သျှမ်းပြည်မျိုးဆက်သစ်အဖွဲ့ဝင်
စိုင်းမျိုးဝင်းထွန်း



SNLD - EC ဦးစိုင်းလှအောင်

နှစ်ရှည်ထောင်ဒဏ်ကျခံနေရသော သျှမ်းခေါင်းဆောင်များ ကျန်းမာရေးအခြေအနေဆိုးရွားပြီးဆေးကုသခွင့်မရမှုများ၏အဓိကတရားခံမှာနအဖစစ်အစိုးရဖြစ်နေကြောင်း၊ တိုင်းရင်းသားများသွေးကွဲစေရန် ဖန်တီးနေသည်မှာလည်းနအဖကိုယ်တိုင်ဖြစ်နေကြောင်းနန်းခမ်းကျောက် ဒီဗွီဘီမှဆက်သွယ်မေးမြန်းစဉ်သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးစိုင်းလိတ်ကပြောပါသည်။

*"မတရားတဲ့စွဲချက်ပေါင်းများစွာနဲ့နှစ်ရှည်ထောင်ကျခံ သျှမ်းခေါင်းဆောင်တွေဒီလောက်ထိ ကျန်းမာရေးဆိုးရွားနေတာရဲ့ တရားခံစစ်စစ်ကနအဖစစ်အစိုးရဘဲ။ထောင်တွင်းမှာနိုင်ငံရေးအကျဉ်းသားတွေရသင့်တဲ့ အခွင့်အရေးဘာမှမရှိလို့ ကျန်းမာရေးဆိုးရွားနေရတာဖြစ်တယ်။*

*နှစ်ရာကျော်ထောင်ဒဏ်ချမှတ်တဲ့အထိ နအဖထောက်ပြတဲ့ အပြစ်ဟာ သျှမ်းပြည်အတိုင်ပင်ခံကောင်စီဖွဲ့စည်းတယ်ဆိုတာ အဓိကဖြစ်နေတယ်။ တကယ်တော့ အတိုင်ပင်ခံကောင်စီဖွဲ့စည်းတာဟာ သျှမ်းဘဲမဟုတ်ပါဘူး။ ကချင်မှာ လည်းရှိတယ်။ အခုချိန်အထိရှိနေတုန်းဘဲ။ သူများတွေဖွဲ့စည်းတော့ရတယ်။ သျှမ်းတွေဖွဲ့စည်းတော့ ကြီးလေးတဲ့အပြစ်လို့ဆိုတယ်။ ဒီတော့တိုင်းရင်းသားတွေကိုသွေးကွဲအောင် နအဖကိုယ်တိုင်က ဖန်တီးနေတာဖြစ်တယ်။ ဒါလုံးဝ မဖြစ်သင့်တဲ့ကိစ္စဖြစ်ပါတယ်။*

*ထောင်ဒဏ်ကိုကြည့်မယ်ဆိုရင်လည်း ၇၅ နှစ် ကနေ နှစ် ၁၀၀ ကျော်ချမှတ်တာဟာ ကမ္ဘာမှာမကြားဖူးသေးတဲ့ ပြစ်ဒဏ်ဖြစ်တယ်။ နအဖထောက်ပြတဲ့အပြစ်နဲ့ ပေးတဲ့ဒဏ်ကလုံးဝမအံဝင်ခွင်မကျ၊ မကိုက်ညီဘူးလို့ ကျနော်မြင်တယ်"* ဟု ဦးစိုင်းလိတ်က ပြောပါသည်။

နအဖစစ်အစိုးရသည် နိုင်ငံရေးသမားများအား ရန်သူဟု သဘောထားဖမ်းဆီးထောင်ချနေရုံနှင့်ဂုဏ်ထင်သကဲ့သို့ နိုင်ငံရေး ပြဿနာပြေလည်လာနိုင်မှာမဟုတ်ကြောင်း၊ နိုင်ငံရေးအကျဉ်းသား အားလုံးလွှတ်ပေးပြီး ပွင့်ပွင့်လင်းလင်းတွေ့ဆုံဆွေးနွေးရန် တိုက်တွန်းလိုကြောင်း **SNLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးစိုင်းလိတ်က ဆက်ပြောပါသည်။

အပစ်ရပ် **SSA** နာယက ဗိုလ်ချုပ်ဆေထဲန်၊ သျှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ စဝ်ခွန်ထွန်းဦး၊ အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်၊ အလုပ်အမှုဆောင် ဦးစိုင်းလှအောင်နှင့် သျှမ်းပြည်မျိုးဆက်သစ်ခေါင်းဆောင်ဆရာဦးမြင့်သန်း၊ အဖွဲ့ဝင်များဖြစ်ကြသော စိုင်းညီညီမိုး၊ စိုင်းမျိုးဝင်းထွန်းနှင့် ဦးထွန်းညိုတို့အား သျှမ်းပြည်အတိုင်ပင်ခံကောင်စီဖွဲ့စည်းမှု၊ နိုင်ငံတော်ပုန်ကန်မှုအပါအဝင်အခြားသောစွဲချက်ပေါင်းများစွာဖြင့် ၂၀၀၅ ဖေဖော်ဝါရီက နအဖစစ်အစိုးရဖမ်းဆီးခဲ့ပြီး ထောင်ဒဏ်နှစ်ရှည်ချမှတ်ကာ ဗမာပြည်နယ်စွန်နယ်ဖျား အကျဉ်းထောင်အသီးသီးသို့ပို့ဆောင်လိုက်သည်။တောင်ကြီးသချာ် ဦးမြင့်သန်းသည်စစ်အာဏာပိုင်များရိုက်နှက်စစ်ဆေးမှုဒဏ်ကြောင့် ၂၀၀၆ မေလက သံတွဲထောင်၌ကျဆုံးသွားခဲ့သည်။ ❏

# အပစ်ရပ်အဖွဲ့များအကြား လမ်းခွဲကွဲပြားမှုအရိပ်အယောင်များတွေ့ရ

နအဖစစ်အုပ်စု၏ ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ လက်နက်ကိုင် အပစ်ရပ်တပ်ဖွဲ့များ 'လက်နက်နှင့်ငြိမ်းချမ်း ရေးလဲလှယ်ရန်' / ပြုပြင် ပြောင်းလဲရန်/ ပြန်လည်ဖွဲ့စည်းရန် အမျိုးမျိုးဖိအားပေးခံလာရသည့် နောက်ပိုင်း အင်အားကြီးမားသော အချို့အပစ်ရပ်အဖွဲ့များ အတွင်း– ပုတီး (ဂျိုးဖြူ) လိုင်းနှင့် ခါးမြောင် (လင်းယုန်)လိုင်း ဂိုဏ်းခွဲကွဲပြားမှုများ တွေ့ရှိရသည်ဟုသျှမ်းပြည်အတွင်းပိုင်းဆို့စ်အသီးသီးကတညီတညွတ် တည်း အတည်ပြုကြသည်။

လူသူလက်နက် ဘဏ္ဍာရေးအင်အားအတောင့်တင်းဆုံးဟု သတ်မှတ်ခံရသည့် ဝ ပြည်သွေးစည်းရေးတပ်မတော် UWSA အတွင်း



၌ စီးပွါးရေးအားသန်– **ဝေ့ရှော်ကန်း**အုပ်စုနှင့် စစ်ရေးအားသန် **ပေါက်ယူချန်** အုပ်စုဟူ၍ အက်ကြောင်းအက်ရာ အရိပ်အယောင်များ တွေ့မြင်ရကြောင်း အထောက်အထားများရှိသည်ဟု ဆို၏။

သျှမ်းပြည်အရှေ့တောင်ပိုင်း မိုင်းတုံမိုင်းဆတ်မြို့နယ် ထိုင်း နယ်စပ် တလျှောက်ထိန်းချုပ်ထားသည့် တပ်ရင်း တပ်မဟာအများစု အပေါ် ဦးစီးကွပ်ကဲသော ဝေ့ရှော်ကန်းအုပ်စုနှင့် စီးပွါးရေးအားသန်ကြ သူတရုပ်/တရုပ်စပ်တပ်မှူးများအနေနှင့် ပန်ဆန်းဌာနချုပ်ခေါင်းဆောင် အများစု၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာမည်ဟု စက်တင်ဘာလ လယ်က လက်နက်အပ်ရေးမအပ်ရေး မိုင်းဆတ် ဝမ့်ဟုန့် အစည်း အဝေး၌ တြိဂံတိုင်း စစ်ဌာနချုပ်အား အကြောင်းပြန်ကြားခဲ့၏။ သို့သော်လည်း မိမိတို့၏ စီးပွါးရေးရင်းနှီး မြှုပ်နှံမှုကို ၎င်းတို့ပို၍ အလေးထား ဦးစားပေး ဖို့ အလားအလာများကြောင်း အကဲခတ်များ သုံးသပ်ကြသည်။

*"ဗမာစစ်တပ်က သူတို့ကိုဝယ်ဖို့ ကမ်းလှမ်းတယ်။ စီးပွါးရေး ပါမစ်အများကြီးနဲ့ သူတို့ကိုပုံအပ်မယ်လို့ လေသံပစ်မက်လုံးပေး ထားတယ်"*–ဟု UWSA အရာရှိအချို့နှင့်ဝင်ဆန့်သည့် မိုင်းတုံဒေသခံ ကုန်သည်တစ်ဦးက ရှင်းပြ၏။

*"ကေထောင်သောင်းချီ နှစ်ရှည်သီးနှံပင်စိုက်ပျိုးရေးထဲ ရင်းနှီး မြှုပ်နှံထားတဲ့ သူ့တို့ရဲ့စီးပွါးရေးနစ်နာမှုကို ဗမာအာဏာပိုင်တွေက ပါမစ်တွေနဲ့လျော်ကြေးသဘောမျိုးပေးမဲ့ ကမ်းလှမ်းချက်ကိုသူတို့ လက်ခံမယ်ထင်တယ်။ သူတို့ လက်နက်ဆက်ကိုင်ခွင့်ရှိမယ်ဆိုရင် ဗမာ စစ်တပ်တိုက်ရိုက်ကွပ်ကဲမှုအောက် ဌာနေပြည်သူ့စစ်ဖြစ်ဖြစ် ၊ ဒေသခံ ကာကွယ်ရေးဖြစ်ဖြစ်သူတို့သဘောတူဖို့များတယ်"* ဟုလည်း ကောက်ချက်ချကြသည်။

အမှန်မှာ **ဝေ့** Wei အုပ်စုသည် ယခင် KMT တရုပ်ဖြူအကြွင်း အကျန်အရာရှိအချို့နှင့် အဖွဲ့ဝင်ဟောင်းများဖြစ်ကြ၏။ ကူမင်တန် တရုပ်ဖြူတို့သည် တရုပ်ကွန်မြူနစ်ပါတီ၏ လိုက်လံတိုက်ခိုက်မောင်း ထုတ်မှုကြောင့် ၁၉၄၉ နှစ်နှောင်းပိုင်း မော်စီတုံးတို့ အောင်ပွဲကြေငြာ ခဲ့ပြီးနောက် ယူနန်ပြည်နယ်အတွင်းမှ ကစဥ့်ကလျား စစ်ရှုံးထွက်ပြေး ခဲ့ကြ၏။ အများစုမှာသျှမ်းပြည်နှင့်လောနိုင်ငံအတွင်း ဝင်ရောက်ခြေကုပ် တပ်စွဲခဲ့ကြပြီး နောက်ပိုင်းကျမှ ထိုင်းနိုင်ငံအတွင်း အတည်တကျ အခြေချလာခဲ့ကြသည်။

ဝပါတီနှင့်တပ်မတော်အတွင်း ထောက်ခံမှုအရဆုံး (ကျမ္မာရေး ချို့တဲ့သူ) လက်ရှိခေါင်းဆောင် ပေါက်ယူချန် Bao You Xiang ၏ ဘက်တော်သား စစ်ဘက်ခေါင်းဆောင်အချို့နှင့် ဆွေမျိုးအရာရှိ အချို့ ကမူ ဗမာစစ်တပ်နှင့်နောက်ဆုံးခန်း ရင်ဆိုင်ယှဉ်ပြိုင်ရန်အတွက် စစ် ရေးပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်ဟုဆို၏။

*"အခြေအနေတင်းမာရုပ်ထွေးလာရင် အဘကြီး **ပေါက်** က တော့ အနားယူမယ်ထင်တယ်။ ဒါပေမဲ့ မြောက်ပိုင်းနယ်မြေဒေသကို ဦးဆောင်ချုပ်ကိုင်ထားတဲ့ **ပေါက်** ရဲ့တူ **တာ့လုန့်** က အတော့်ကို တက်ကြွလှုပ်ရှားကြိုးစားနေတယ်။ **ပေါက်** က သူ့တူအပေါ် အများ ကြီး မျှော်လင့်ချက်ထားပုံရတယ်"* ဟု အတွင်းသိ ဆို့စ်တစ်ဦးက ထောက်ပြသည်။

အောက်တိုဘာလဆန်းပိုင်းမှစ၍ ပန်ဆန်းဌာနချုပ်၏ တပ်ရင်းမှူးအထက်အရာရှိများစစ်ရေး၊ နိုင်ငံရေးမွမ်းမံသင်တန်းသို့ ဒေသအသီးသီးမှ အရာရှိ ၁၅၀ ကျော် တက်ရောက်ခဲ့ကြသည့်အထဲ တွင် (နမ့်တစ်အခြေစိုက်) မိုင်းမော၊ ပန်ဝိုင်၊ ခွန်းမာ စစ်ဒေသတပ်မှူး ကြီး တာ့လုန့်၏ အနီးကပ်နောက်လိုက် ၂၀ ခန့်လည်းတက်ရောက် လျက်ရှိသည်ဟုဆိုသည်။

UWSP/ UWSA ဥက္ကဌကြီးပေါက်ယူချန်နည်းတူ ပန်ဆန်း မြောက်ဘက် တရုပ်နယ်စပ်အနီး **ပေါက်** မိသားစုမွေးရပ်မြေ ခွန်းမာ ဇာတိ၊ မိုင်းမောဒေသစစ်ရေးတာဝန်ခံနှင့် နမ့်တစ်အုပ်ချုပ်ရေးမှူး တာ့လုန့် (၄၁ နှစ်)နှင့် တစ်နှစ်ကျော်က ထောင်ထွက်လာသူ တာ့ထန်း တို့ အတူရှိနေသည်ဟု သတင်းတရပ်က ဆိုသည်။ အသက် ၅၀ ကျော် **တာ့ထန်း**ခေါ် တရုပ်နာမည် **ဝေ့ဆိုက်ထန်** သည်ယခင်မိုင်းဆတ် – တာချီ လိတ်အကြားမိုင်းယွမ်းဂွင်အုပ်ချုပ်ရေးမှူးနှင့်၂၅၁ဂတပ်မဟာမှူးဖြစ်ခဲ့၏။ တိုက်ခိုက်ရေးတွင် ထူးချွန်သူအဖြစ် လူသိများပြီး SSA တောင်ပိုင်းအား ရန်သူအဖြစ်သဘောထား၍ တိုက်ခိုက်ရန်စောင်ခြင်းကိုလိုလားသူ ဝေ့ရှော်ကန်း၏ ပြိုင်ဘက်ဖြစ်ခဲ့ဖူး၏။

စာမျက်နှာ (၂၇) သို့

# နအဖ စစ်တိုင်းမှူးများ ဆက်တိုက်စည်းရုံးရေးဆင်း၊ အပစ်ရပ်အဖွဲ့များလဲစစ်ရေးပြန်လှုပ်ကျွင့်

၂၀၁၀ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် လက်နက်ကိုင်အပစ်ရပ်တပ်ဖွဲ့များ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ရန်/ ပြုပြင်ပြောင်းလဲရန်/ ပြန်လည်ဖွဲ့စည်းရန် နအဖစစ်တိုင်းမှူးတို့ အဆက်မပြတ်စည်းရုံးရေးဆင်းနေသကဲ့သို့ အပစ်ရပ်အဖွဲ့များ အတွင်း အရာရှိမွမ်းမံသင်တန်းများ၊ စစ်ရေးလှုပ်ကျွင့်မှုများ ပြုလုပ်နေသည်ကိုတွေ့ရကြောင်း နယ်စပ်သတင်း ရပ်ကွက်က ဆိုပါသည်။

ယခုလ ၁၉ ရက်နေ့က တြိဂံ ဒုတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ တြိဂံတိုင်း ဂျီဝမ်း ဗိုလ်မှူးကြီး သန်းထွဋ်သိန်း နှင့် ကျိုင်းတုံခရိုင် မိုင်းခတ်ဗျူဟာမှူး ဗိုလ်မှူးကြီးနေလင်းတို့ ဝ ထိန်းချုပ်နယ်မြေ (ပန်ဆန်းတောင်ဘက်) တရုပ်နယ်စပ်အနောက်ဘက် မိုင်းဖျဲန်၊ ဟိုတောင်းသို့ သွားရောက်လည်ပတ်၍ ဒေသခံ ဝ အာဏာပိုင်များနှင့် ထပ်မံသွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပြန်၏။

*"ကား ၆ စီး ၇ စီးလောက် ပါသွားတယ်။ မိုင်းယန်းမြို့ မြောက်ဘက် မိုင်းဖျဲန်–ဟိုတောင်းကိုသွားပြီး ဝ အရာရှိတွေနဲ့ စကားပြောတယ်။ ပြီးတော့ (တပ်မဟာ ၃၆၉ ဌာနချုပ် ဆီလူး) ထိန်းချုပ်နယ်မြေကိုဆက်တိုက်ဖြတ်* ***NDAA*** *အပစ်ရပ် အထူးဒေသ ၄ မိုင်းလား ဌာနချုပ်အထိ ဆင်းသွားတယ်။ မိုင်းလားမှာရှိတဲ့ အကြီး အကဲတွေနဲ့ သွားတွေ့ပြီး ကျိုင်းတုံကို နေ့ချင်းပြန်သွား တယ်လို့ ကြားတယ်"* ဟု ကျိုင်းတုံ–မိုင်းလား ကားဆရာ တစ်ဦးက ပြောပြ၏။

အခြားတဖက်တွင်မူ **UWSA** ထိန်းချုပ်နယ်မြေ (ပန်ဆန်းတောင်ဘက်)မိုင်းပေါက်၌ ပြီးခဲ့သည့် ဂျွန်လမှစ၍ (ပန်ဆန်းဌာနချုပ်နည်းတူ) နိုင်ငံရေးဆိုင်ရာသဘောတရား ပညာပေးသင်တန်း၊ စစ်ရေး လှေ့ကျင့်မွမ်းမံသင်တန်းများ ပြုလုပ်ခဲ့သည်ဟုဆို၏။

*"အခု ၃ သုတ်မြောက် လေ့ကျင့်ပြီးသွားပြီ။ ၁ သုတ်မှာ ကေဒါ ၆၀၀ လောက်ရှိတယ်။ ၁ လကြာတယ်။ တပ်စိပ်မှူးကနေ တပ်ခွဲမှူးအထိ အဲဒီသင်တန်းတွေ သွားတက်ရတယ်"* ဟု အပစ်ရပ် ဝ အဖွဲ့နှင့် နီးစပ်သူ ကျိုင်းတုံသားတစ်ဦးက ပြောပြသည်။

၎င်းနှင့်ပတ်သက်၍ တရုပ်နယ်စပ်အခြေစိုက် နိုင်ငံရေး စစ်ရေး လေ့လာသူတစ်ဦးက *"နအဖစစ်တိုင်းမှူးတွေကလဲ အပစ်ရပ်နယ်မြေတွေထဲအထိ ကွင်းဆင်းစည်းရုံးတယ်။ မြောက်ပိုင်းဝတပ်ဖွဲ့က စစ်ရေးမွမ်းမံလေ့ကျင့်နေတယ်။ တောင်ပိုင်းဝတပ်ဖွဲ့တွေ စီးပွါးရေးကိုဘဲ ဇောက်ချလုပ်နေတာတွေ့ရတယ်။ ဘယ်သူကတကယ်တမ်း ဘယ်*

**စာမျက်နှာ (၂၉) သို့**



စီးပွားရေး

# အာဏာပိုင်တို့ ကျပ်သိန်းချီငွေကောက် ဆိုင်ကယ်လိုင်စင်လျှောက်ခိုင်း၊ မလျှောက်သူများ ဆိုင်ကယ်ပါသိမ်းယူ

အောက်တိုဘာလဆန်းကစ၍ သျှမ်းပြည်မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ကျပ်သိန်းချီ ပိုက်ဆံကောက် လိုင်စင်လုပ်ခိုင်းကြောင်း နယ်စပ်သတင်းရပ်ကွက်က ဆိုပါသည်။

*"ဆိုင်ကယ်တစ်စီး ကျပ် ၁၇၀,၀၀၀ ကောက်တယ်။ လျှောက် လွှာဖိုး ဘာညာမပါသေးဘူး။ ဆိုတော့ လျှောက်လွှာတင်တဲ့လူမရှိဘူး။ ဒီနေ့ ၁၀ ရက် နမ့်ခမ်းဈေးနေ့ နံနက် ၉ နာရီတုန်းက မယက၊ မီးသတ် အဖွဲ့ ပေါင်းပြီး ဈေးလာဝယ်တဲ့ဆိုင်ကယ် သမားတွေကို လိုင်စင်စစ် တယ်။ မရှိရင်ဆိုင်ကယ်သိမ်းတယ်။ အစီး ၁၀၀ ကျော်ပါသွားတယ်။ ပြည်သူတွေကို သက်သက်ပညာပြရိုက်စားတာလေ"* ဟု ဆိုင်ကယ် အဖမ်းခံရသူတစ်ဦးက ဆိုပါသည်။

ဖမ်းသွားသော ဆိုင်ကယ်များအတွက် ဘာသတင်းမှထပ် မကြားသေးဟုလည်း ၎င်းကဆက်ပြောပြသည်။

ကျိုင်းတုံအရှေ့မြောက်ဘက် ၁၀၂ ကီလိုမီတာခန့်အကွာရှိ မိုင်းယန်း မြို့တွင်မူ ၁၁ ရပ်ကွက်စလုံးမှဆိုင်ကယ်ပိုင်ရှင်များမှတ်ပုံတင်နှင့် အိမ် ထောင်စုစာရင်းမိတ္တူ ၃ စုံ၊ မော်တော်ဆိုင်ကယ်ပါ တပါတည်း ယူဆောင်၍ဘော်လုံးကွင်းယာယီရုံးသို့ လိုင်စင် သွားလျှောက်ရန် နအဖအာဏာ ပိုင်တို့ဆင့်ဆိုသည်ဟု တာချီလိတ်ရောက်ကျိုင်းတုံ-မိုင်းလားကားဆရာ လူငယ်တစ်ဦးက ပြောပြ၏။

*"ဒီလ ၈ ရက်နေ့က အမိန့်ထုတ်တာ။ တစ်ရက်ကို ဆိုင်ကယ် အစီး ၂၀၀ လျှောက်လွှာလက်ခံမယ်တဲ့။ ထိုင်းဆိုင်ကယ်၊ တရုတ် ဆိုင်ကယ်နဲ့ ဂျပန်ဒီထီဆိုင်ကယ် လိုင်စင်ကြေးမတူဘူး။ အခွန်ကြေး လည်း အင်ဂျင်ကြည့်ပြီး ဈေးနှုန်းသတ်မှတ်ကောက်တယ်။ ဒါတင်မက ဘူး မယကကို ကျပ် ၃ ထောင်ကနေ ၆ ထောင်၊ စည်ပင်ကို ၃-၄ သောင်း ရုံပုံငွေထပ်ပေးရတယ်။ မသွင်းလို့မရဘူး။ နားဂစ်မှန်တိုင်း ဒုက္ခသည် တွေထောက်ပံ့ဖို့ ကောက်တာလို့ ပြောတယ်။ တကယ်ဟုတ် မဟုတ် ဘယ်သူမှ မသိဘူး"* ဟု၎င်းကပြော၏။



ထိုင်းဆိုင်ကယ်အတွက် လိုင်စင်ကြေးသတ်မှတ်ရာတွင် ၂၀၀၀ မှ ၂၀၀၈ ခုနှစ်အတွင်း ထုတ်ဆိုင်ကယ်များကို တစ်စီး ကျပ် ၁၈၀,၀၀၀ မှကျပ် ၂၅၆,၀၀၀ သတ်မှတ်၍ကောက်၏။

တရုတ်ဆိုင်ကယ်များကိုမူ ၂၀၀၀ မှ ၂၀၀၈ အတွင်းထုတ် သည့် ဆိုင်ကယ်အပေါ် တစ်စီးကျပ် ၇၅,၀၀၀ မှ ကျပ် ၁၄၄,၀၀၀ အထိ၊ ဂျပန်ထုတ် ဒီထီဆိုင်ကယ်တစ်စီး ကျပ်၂၂၅,၀၀၀ မှ ကျပ် ၄၈၀,၀၀၀ အထိ လိုင်စင်ကြေးသတ်မှတ်ကောက်သည်ဟုဆို၏။ လွန်ခဲ့သော ၂ နှစ်က ပေးသွင်းရသော ဆိုင်ကယ်လိုင်စင်ကြေးမှာ တစ်စီးကျပ် ၆၅,၀၀၀ သာဖြစ်သည်ဟုဆိုပါသည်။

မိုင်းယန်းမြို့တွင်း ဆိုင်ကယ် အစီးရေ ၄၀၀ ခန့်ရှိရာ လိုင်စင်ရှိ ဆိုင်ကယ် ၂၀-၃၀ ခန့်သာရှိ၏။ လိုင်စင်ထုတ်ပေးမည့် ကညန အရာရှိ ၇ ယောက်ခန့်မှာ နေပြည်တော်ရုံးချုပ်မှလာသောပုဂ္ဂိုလ်များဖြစ်ပြီး ၅ ရက် အချိန်ပေး ငွေကောက်လျှောက်လွှာလက်ခံသဖြင့် ကျပ်ငွေသန်း ပေါင်း ၂၀၀ နီးပါးရသွားလိမ့်မည်ဟု မိုင်းယန်းဒေသခံများက ပြောဆို ကြသည်။ ❑

**လူတစ်ယောက်ရဲ့တန်ဖိုးကို သူဖြတ်သန်းတဲ့ခေတ်ရဲ့သမိုင်းတာဝန်ကို ဘယ်လောက်ထမ်းဆောင်နိုင်သလဲ ဆိုတဲ့အချက်နဲ့တိုင်းတာရမှာဘဲ။**

ဗန်းမော်တင်အောင်

## လူ့အခွင့်အရေး

# ဗမာစကားနားမလည်သူ သျှမ်းအမျိုးသား သေလုမျောပါးရိုက်နှက်ခံရ

ဗမာစကားနားမလည်သော သျှမ်းအမျိုးသားတစ်ယောက် အလုပ်ခိုင်း၍မရ၊ ကလန်ကဆန်လုပ်သည်ဟုဆိုကာ နယ်စပ်ဂိတ်စောင့် ဗမာစစ်သားတို့၏ သေလုမျောပါးရိုက်နှက်ကန်ကျောက်ခံရပြီး ခြေချင်းခတ်ခံရကြောင်း ထိုင်းနယ်စပ်သတင်းရပ်ကွက်ကဆိုပါသည်။

စက်တင်ဘာ ၂၂ ရက် မနက် ၁၀ နာရီက မိုင်းတုံမြို့နယ် နားကောင်းမူးအုပ်စုမှ အသက် ၃၃ နှစ် အမျိုးသားတစ်ယောက် ၎င်း၏ အဘွားဆေးကုရန် ထိုင်းနယ် နောင်အုပ်သို့ဆိုင်ကယ်ဖြင့်သွားပို့ရာမှ အပြန် BP 1 နယ်စပ်ဂိတ်စောင့် တပ်ကြပ်ကြီးတစ်ယောက်၏ ရိုက်နှက်မှုခံရခြင်းဖြစ်သည်။

၎င်း၏မိတ်ဆွေ နားကောင်းမူးဒေသခံတစ်ဦးက *"သူ့ကို တပ်ကြပ်ကြီး အောင်ထူးက BP 1 ဂိတ်နဲ့ ဖ မိုင်လောက်အကွာမှာရှိတဲ့ နမ့်ယုံးရွာမှာ ဆန်အိတ်သွားတင်ခိုင်းတာ။ သူကဗမာစကားနားမလည်၊ တပ်ကြပ်ကြီးကလည်း သျှမ်းလိုနားမလည်ဆိုတော့သဘောမပေါက်ကြဘူး။ အဲဒါနဲ့ တပ်ကြပ်ကြီးက ကိုယ်တိုင်သွားမယ်ဆိုပြီး သူ့ဆိုင်ကယ်သော့တောင်းတယ်။ သူကမပေးဘူး။ တပ်ကြပ်ကြီးက လုယူတော့ရှန်းရင်းဆန်ခတ်ဖြစ်ပြီးဗမာစစ်သား ၄-၅ ယောက်ဝိုင်းထိုးကြိတ်ကန်ကျောက်၊ သူလဲကျသွားတော့ တုတ်တွေနဲ့ ထပ်ရိုက်၊ မေ့မျောလုနီးပါးမထနိုင်တော့မှ တဲထဲဆွဲခေါ်သွားပြီး ဝါးပိုးနဲ့ခြေချင်းခတ်ထားလိုက်တယ်"* ဟုပြောပြ၏။

*"ခင်ဗျားတို့ရွာကလူတစ်ယောက် ခိုင်းတာလဲမလုပ်ပေး၊ လူကိုပြန်ချချင်သေးတယ်။ သူ့ကိုခြေချင်းခတ်ထားလိုက်ပြီ"* ဟု နားကောင်းမူးအုပ်စုဥက္ကဋ္ဌအား BP 1 ဂိတ်မှ နအဖစစ်တပ်က အကြောင်းကြားရာ ဥက္ကဋ္ဌက *"တပ်ကြပ်ကြီးတို့ကို အနူးအညွတ် တောင်းပန်ပါတယ်။ သူကကျပ်ပြည့်တာမဟုတ်ဘူး အရေးမလုပ်ပါနဲ့ဆိုတော့မှ ညနေ ၅ နာရီခွဲမှာ ပြန်လွှတ်ပေးတယ်"* ဟု ဆို၏။

*"ကျနော့် သူငယ်ချင်း အလကား နာရတာပေါ့ဗျာ။ ဒီမိုင်းပြင်းခလရ ၄၃ က ရွာသားတွေကို အနိုင်ကျင့်တဲ့နေရာမှာ နာမည်ကြီး၊ ကျေးလက်သမီးပျိုတွေ တွေ့တဲ့နေရာမှဒိန်းကျင့်တယ်ဆိုတာလဲ သူတို့ပြောင်းမလာခင်ကတဲ့ သတင်းရနေတော့ ဒီကဒေသခံတွေ ကြီးလန့်စာစားဖြစ်နေရတယ်။ ဒါတောင်မှ မလွှတ်ဘူး"* ဟု ၎င်းက ဆက်ပြောပြ၏။

BP 1 ဂိတ်စောင့် မိုင်းပြင်းခလရ ၄၃ သည် ဘီးလိုမ့်ခွန်ဆိုပြီး ဆိုင်ကယ်တစ်စီးဂိတ်ကြေးဘတ် ၂၀၀ ကောက်၏။ဗမာစကား နားမလည်သဖြင့်အရိုက်ခံသောအဆိုပါအမျိုးသားမှာ သျှမ်းပြည်အလယ်ပိုင်းဇာတိဖြစ်ပြီး နားကောင်းမူးသူနှင့်အိမ်ထောင်ပြုထားသည်မှာ ၂ နှစ်ခန့်သာရှိသေးသည်ဟုဆိုပါသည်။ ❑

**စာမျက်နှာ (၂၄) မှ**

လွန်ခဲ့သည့် ၂၀၀၂ နှစ်ခန့်က ယွမ်ငွေ/ဒေါ်လာအတုပြုလုပ်မှု၊ SSA- S နှင့် လျှို့ဝှက်ဆက်သွယ်မှုတို့ဖြင့် ပန်ဆန်းသို့ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရပြီး ထောင်ဒဏ်နှစ်ရှည်ကျခံခဲ့ရ၏။ ၂၀၀၇ နှစ်ဦးပိုင်း၌ ပြန်လွှတ်ပေးပြီး၎င်းအား မိုင်းမော ပန်ဝိုင် ဘက်ရွှေ့ပြောင်းနေထိုင်စေခဲ့သည်။ *"တခ့ထန်းက တခ့လုန့်ရဲ့ စစ်ဘက်အကြံပေး အကြီးအကဲဖြစ်နေတယ်လို့ ခန့်မှန်းရတယ်"* ဟုအကဲခတ်များ ပြောဆိုကြသည်။

လွန်ခဲ့သည့်လပိုင်းကတည်းက အထူးဒေသ ၃ အပစ်ရပ်မြောက်ပိုင်း SSA- N နှင့် အထူးဒေသ ၄ NDAA မိုင်းလားတပ်ဖွဲ့များလည်း အပစ်ရပ် UWSA တပ်ဖွဲ့နည်းတူ နအဖစစ်အာဏာပိုင်များ၏ ဖိအားပေးအကြပ်ကိုင်မှု မကြာခဏခံနေရသည်ဟု ကြားသိရ၏။

လားရှိုးအခြေစိုက် ရမခတိုင်းမှူးဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဆိုင်ကျော့ဌာနချုပ်ရှိ အပစ်ရပ်သျှမ်းတပ် SSA- N ထိပ်ပိုင်းခေါင်းဆောင်များအား အလယ်အလတ်အရာရှိများ လက်ထဲအာဏာလွှဲပေး၊ နိုင်ငံရေးပါတီထောင်၊ ပြီးလျှင်ရွေးကောက်ပွဲဝင်၊ စသဖြင့်တိုက်တွန်းအားပေးခဲ့၏။ SSA တပ်ဖွဲ့ကိုလည်း အခြေခံဥပဒေသစ်ပြဋ္ဌာန်းချက်နှင့် အညီအသွင်ပြောင်းရန်၊ပြန်လည်ဖွဲ့စည်းရန်၊လက်နက်ကိုင်လမ်းစဉ်စွန့်လွှတ်ရန်လည်း ကျောသပ်ဖိအားပေးခဲ့၏။ ထိုကိစ္စနှင့်စပ်လျဉ်း၍ အပစ်ရပ်သျှမ်းတပ်၏ ရှေ့ရေးကံကြမ္မာ မည်သို့ဆက်စခန်းသွားသင့်သည်ကို လနှင့်ချီ ဗဟိုအစည်းအဝေး ကျင်းပခဲ့ကြသော်လည်း တိကျရေရာသော ဆုံးဖြတ်ချက်များချမှတ်နိုင်ခဲ့ကြောင်း မကြားမိပေ။

*"၂၀၁၀မတိုင်မီတော့ ကြီးမားတဲ့ပြောင်းလဲမှုဖြစ်နိုင်ချေရှိတယ်။ နအဖရဲ့ရွေးကောက်ပွဲ ဥပဒေထုတ်ပြန်ချက်တွေထွက်မလာမချင်းဘာဖြစ်လာမယ်ဆိုတာကို ပထမဦးဆုံးဟောကိန်း ထုတ်သူတော့ကျနော်မဖြစ်ချင်ဘူး"*- ဟုနှစ်ရှည်လများ နယ်စပ်အရေးလေ့လာသူတစ်ဦးကဆို၏။

နအဖလမ်းပြမြေပုံအဆင့် ၅ အရ ၂၀၁၀ ရွေးကောက်ပွဲ ဥပဒေကို ၂၀၀၈ နှစ်ကုန်ပိုင်းတွင် ထုတ်ပြန်ဖွယ်ရှိသည်ဟု ခန့်မှန်းရ၏။ တချိန်တည်းမှာပင် နအဖလက်ပါးစေအလိုတော်ရိများမှုကား နေပြည်တော်၏လမ်းညွှန်ချက်အတိုင်း မေလဆန္ဒခံယူပွဲအပြီး စစ်ဗိုလ်တမတ်သားဖွဲ့စည်းပုံအတည်ပြုကြောင်း ထုတ်ပြန်ချိန်နှင့်အပြိုင်(တဖက်သတ်အထက်စီး လက်ဝါးကြီးအုပ်) နိုင်ငံရေးကွင်းဆင်း စည်းရုံးမှုများပြုလုပ်နေပြီဖြစ်သည်။ ❑

# ကြံ့ဖွံ့အသင်းဝင်၏ကျွဲ လျှပ်စစ်ဌာနပိုင်ရာဘာခြံတိုးကျွဲ ကျပ်သိန်းချီပေးလျော်ရ

ကြံ့ဖွံ့အသင်းဝင်ပါက မျက်နှာပန်းလှမည်၊ အခွင့်ထူးရမည် ဟုယူဆသူ သျှမ်းပြည်အရှေ့ပိုင်း မိုင်းယန်းဒေသခံ ကြံ့ဖွံ့အသင်းသား တစ်ဦး ၎င်း၏စားကျက်လွှတ်ကျွဲ လျှပ်စစ်ဌာနပိုင်ရာဘာခြံတိုး ကျွဲသဖြင့် ကျပ်သိန်းချီပေးလျော်ရကြောင်း နယ်စပ်သတင်းရပ်ကွက် က ဆိုပါသည်။

လွန်ခဲ့တဲ့ ၃ နှစ်လောက်က ကြံ့ဖွံ့အသင်းဝင်ထားသူ မိုင်းယန်းမြို့ ဝမ့်ဟော့ကန်ရွာသား စိုင်းပျဲန်းဆိန့် (အသက် ၅၁ နှစ်) သည် လျှပ်စစ်ဌာနပိုင် ရာဘာခြံအနီး လယ်ကွင်းထဲ စားကျက်လွှတ်ထားရာမှ ၎င်း၏ကျွဲများ ရာဘာခြံအတွင်း ဝင်ရောက်ခြင်းဖြစ်ပြီး လျှပ်စစ်ဦးစီးမှူး ဦးကျော်နိုင်က ကျွဲတစ်ကောင် ကျပ်ငါးသောင်းဖြင့် ပြန်ရွေးရန် လျော်ကြေးအဖြစ်ဒဏ်ရိုက်ခြင်းဖြစ်သည်ဟုဆို၏။

*"ကြံ့ဖွံ့ အသင်းဝင်ရင် အခွင့်ထူးလေး ဘာလေးရ မယ်ထင်လို့ပေါ့။ အခု သူ့ကျွဲ ၆ ကောင် ရာဘာခြံတိုးတဲ့ကိစ္စ ဖြစ်လာရော ဘယ်သူ့ကိုမှ သူအားကိုးလို့မရဘူး။ ရယက ဥက္ကဌ ကလဲသွားကူ ပြောပေးတယ်။ ဘယ်လောက်ဘဲ တောင်းပန်ပြောပြောလျှပ်စစ်ဦးစီးမှူးက* 'ငွေ ၃ သိန်းနဲ့ ကျွဲပြန်ရွေးရင်ရွေး၊ မရွေးရင် ပုလိပ်ကိုသွားအပ်လိုက်မယ်' *– ဆိုတော့ သူလည်းကြောက်ကြောက် လန့်လန့်နဲ့ အဆင်သင့် ပါလာတဲ့ ကျပ် ၃ သိန်းထုတ်ပေးလိုက်ရတာပေါ့"* ဟု မိုင်းယန်းဒေသခံ လယ်သမားတစ်ဦးကပြောပြသည်။

ကျွဲများဝင်သွားသော လျှပ်စစ်ရာဘာခြံမှာ ၂ ဧက ခန့်သာကျယ်ပြီး ရာဘာပင်များ ပျက်စီးဆုံးရှုံးခြင်းမရှိ၊ လျှပ်စစ်ဦးစီးမှူးက တမင်သက်သက် စားပေါက်ထွင်ခြင်းသာဖြစ်သည်ဟု မိုင်းယန်း ဒေသခံများ ပြောဆိုနေကြသည်။

*"အခုကိစ္စကောင်းကောင်းပြန်စဉ်းစားရင် စိုင်းပျဲန်းဆိန့် အစားရင်နာတယ်။ သူက ဝတ်ပါကန်ဘုန်းကြီးကျောင်း ဂေါပကအဖွဲ့ဝင်လည်းဟုတ်တယ်။ အရင်က ကျိုင်းတုံစစ်တိုင်းရုံးတို့၊ ခရိုင်ရုံးတို့က အာဏာပိုင်တွေလာပြီဆိုရင် လုပ်လက်စ အလုပ်ပစ်ထား၊ ပုဆိုးစိမ်းပြေး ဝတ်ပြီး လူကြီးတွေနောက် တကောက် ကောက် လိုက်ရတာလည်း အမောဘဲ။ ကျွဲပြဿနာဖြစ်ပြီးနောက်ပိုင်း ကြံ့ဖွံ့အသင်းဝင်လည်း ဘာမှမထူးဘူးဆိုပြီး သူငြီးနေတာတွေ့ရတယ်။ အခုပြန်ထွက်ချင်လည်း မလွယ်တော့ဘူးလေ"* ဟု ၎င်းနှင့်ခင်မင်ရင်းနှီးသူ မိတ်ဆွေတစ်ဦးကပြောပြသည်။

မိုင်းယန်းမြို့သည် ကျိုင်းတုံအရှေ့မြောက်ဘက် ၁၀၂ ကီလိုမီတာခန့်အကွာရှိသည်။ လျှပ်စစ်ဌာနပိုင်ရာဘာခြံမှာ မိုင်းယန်းမြို့အရှေ့ဘက် ဆီလူးသို့ အထွက်လမ်းတွင်ရှိသည်။ ခြံမှာ ၂ ဧကခန့်သာကျယ်ပြီး ရာဘာပင် ၃၀–၄၀ ခန့်သာရှိသည်။ ❑

စာမျက်နှာ (၃၅) မှ

အဖြစ် လခပေးနေရာက တပ်တွေပြန်လည်ဖွဲ့စည်းပြီးရင် ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်လုံးဝကျရောက်သွားမယ်လို့ လဲဆိုပါတယ်။

*"အထူးရဲတပ်ဖွဲ့တွေအဖြစ်လခပေးထားမှာပေါ့။ ဆက်စပ်မှုကျတော့ စရဖတို့နဲ့ဆက်ဆံရပေမဲ့ ပြည်ထဲရေးဌာနက လခထုတ်ပေးတာပေါ့။ ဟိုကျရင် ရဲမဟုတ်တော့ဘဲနဲ့ ကာကွယ်ရေးဝန်ကြီးဌာနက တိုက်ရိုက်ချုပ်ကိုင်တဲ့စစ်တပ်အဖြစ် ရောက်သွားမှာပေါ့။ အဲဒီအခါ ကျရင် ပြည်ထဲရေးအခန်းကဏ္ဍမရှိတော့ဘူးပေါ့။ ဗမာစစ်တပ်က ဒါရိုက်ကိုင်မဲ့သူ့တပ်နဲ့ သူဖြစ်သွားပြီ။သက်ဆိုင်ရာတိုင်းမှူး၊ ဗျူဟာမှူး၊ တပ်ရင်းမှူးတွေအောက်မှာ တပ်တွေဖြစ်ကုန်မှာပေါ့။ ဝတပ်မတော် ဆိုတာလဲရှိတော့မှာမဟုတ်ဘူး။ သျှမ်းအရှေ့ မြောက်တပ်ဆိုတာ လဲမရှိတော့ဘူး"*

၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် လက်နက်ကိုင် အင်အားစုတွေမရှိအောင်ကြိုးစားနေတယ်လို့ ဦးအောင်ကျော်ဇောက ပြောပါတယ်။ အပစ်ရပ်အဖွဲ့တွေ ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရောက်သွားရင် အလားအလာမကောင်းဘူးလို့ဆိုပါတယ်။

*"၂၀၁၀ မတိုင်ခင်မှာ အတိုက်အခံတွေဖက်က လက်နက်ကိုင်အင်အားစုမရှိအောင် သူကြိုးစားဖို့ပါ။ ဒါကြောင့် ကရင်ကိုလဲ သူအပြီးဖြတ်နေတာ။ အလားအလာကတော့ဆိုးမှာပေါ့။ ရွေးကောက်ပွဲမတိုင်ခင်ကို အပစ်ရပ်အဖွဲ့တွေ ကိုယ့်တပ်နဲ့ကိုယ် မရှိအောင်လုပ်မယ်။ ကိုယ့်ဒေသမှာ ကိုယ်ရွေးကောက်ပွဲတွေလုပ်ခိုင်း တရားမျှတမှုဆိုတာကိုပြဖို့အားပေးတိုက်တွန်းမှာပေါ့။ သူ့ကိုခြိမ်းခြောက်နိုင်တဲ့ အင်အားစုမရှိအောင် သူလုပ်လိုက်မယ်။ ဒုတိယဘာဖြစ်နိုင်လဲဆိုတော့ ဒါက အနာဂတ်အတွက် သူတို့လုပ်နေကျအမျိုးသားရေးသွေးခွဲမှုကို သူဖန်တီးဖို့ လွယ်လွယ်လေးဖြစ်သွားမယ်။ ဥပမာ တပ်မှူးခေါင်းဆောင်တွေက ဗမာစစ်တပ်က လာတဲ့လူတွေဖြစ်ပြီး တပ်သားတွေကျတော့ ဝရဲဘော် သျှမ်းရဲဘော်တွေဖြစ်ရင် ဒါတွေနဲ့မြို့ပေါ်မှာ မြို့ခံလူထုလှုပ်ရှားမှုကို ပစ်ဟယ် ခတ်ဟယ်လုပ်လာရင်–ဒါ ဝတပ်တွေပါ သျှမ်းတပ်တွေပါဆိုပြီး ပြည်တွင်းမှာ တသက်လုံး မကျေမချမ်းနိုင်တဲ့ အမျိုးသားရေး ရန်ငြိုးတွေ ဖြစ်အောင်ဖန်တီးမှာဘဲ"*။

RFA 14/10/08 ဝါကျွတ်နေ့နံနက်ပိုင်း

**မူးယစ်**

# လူမှုထူးချွန်ဆုရဗိုလ်မှူးပြည်သူ့စစ်အဖွဲ့ဝင် နှင့် သျှမ်းအဆိုတော်တစ်ဦး ရာဘ နှင့် အတူအဖမ်းခံရ



ပြည်သူ့စစ်ဗိုလ်မှူး

**MTA** ခွန်ဆာ့လူဟောင်း သျှမ်းပြည်မြောက်ပိုင်းမှ လူမှုထူးချွန်ဆုရ ပြည်သူ့စစ်ဗိုလ်မှူးအဖွဲ့ဝင်နှင့် နာမည်ကြီး ထိပ်တန်းသျှမ်း ရော့ခ်အဆိုတော်တစ်ဦး လားရှိုးမြို့အတွင်း ရာဘစိတ်ကြွဆေးပြား ရောင်းဝယ်နေကြစဉ် နေပြည်တော်ပုလိပ်၏ဖမ်းဆီးခြင်းခံရကြောင်း သျှမ်းပြည်မြောက်ပိုင်းသတင်းရပ်ကွက်က ဆိုပါသည်။

စက်တင်ဘာ ၂၅ ရက် ညနေပိုင်းအချိန်ဖြစ်ပြီး လားရှိုးရပ်ကွက် ၄ သုခလမ်းအိမ်တစ်အိမ်၌ နာမည်ကြီးသျှမ်းအဆိုတော် စိုင်းထဲန်လျော၀်(ခေါ် )ကျော်ဝင်းလှိုင်နှင့်တန့်ယန်းမြို့နယ် မန့်ပန်ဌာနေပြည်သူ့စစ်ခေါင်းဆောင်ဗိုလ်မှူးတပည့် ၂ ယောက်တို့မူးယစ်ဆေးဝါးဖိုးပိုက်ဆံရေတွက်နေစဉ်ရာဘနှင့်အတူအဖမ်းခံရခြင်းဖြစ်သည်ဟု လားရှိုး–မန္တလေး ကားဆရာတစ်ဦးက ပြောပြသည်။

*“ရာဘအပြားပေါင်း ၂၀,၀၀၀ ဖိုး ကျပ်ငွေ ၃၂ သန်း ပိုက်ဆံပေးချေနေကြတုန်း အဖမ်းခံရတာ။ ရာဘတွေ ဖားကန့်ကျောက်စိမ်းတွင်းဘက်ကို သယ်သွားမယ့်ပုံဘဲ။ သူတို့ကိုဝင်ဖမ်းတဲ့ အဲဒီ **SB** တွေ၊ မူးယစ်ရဲတွေက နေပြည်တော်ဌာနချုပ်ကလာတယ်ဆိုဘဲ။ နာမည်ကြီးအဆိုတော် မူးယစ်ဆေးကြောင့်အဖမ်းခံရတာ တော်တော်နမြောစရာကောင်းတယ်”* ဟုအဆိုပါ ကားဆရာက ပြောသည်။

မန့်ပန်ပြည်သူ့စစ် ဗိုလ်မှူးသည် ၎င်းချုပ်ကိုင်သောသျှမ်းပြည်မြောက်ပိုင်းတွင် ဒေသခံများအားဘိန်းစိုက်ပျိုးခွင့် ပိတ်ပင်ထားသော်လည်း ၎င်း၏ပေါက်ဖော် **MTA** အဖွဲ့ဝင်ဟောင်း သျှမ်းပြည်တောင်ပိုင်း နမ့်ဇန်တောင်ဘက် နားရိုင်းဒေသဖွံ့ဖြိုးရေးတပ်ဖွဲ့နှင့်ပူးပေါင်း၍ သျှမ်းပြည်တောင်ပိုင်းတွင် ဒေသခံနအဖအာဏာပိုင်များနှင့် ပုလဲနံပသင့်စွာ မူးယစ်လုပ်ငန်းလုပ်နေကြဆဲဖြစ်သည်ဟု နမ့်ဇန် – တောင်ကြီး ကုန်သည်တစ်ဦးက ပြောပြသည်။

လားရှိုး– နမ့်ပေါင် ကားလမ်း အရှေ့ဘက်ခြမ်းမှ သံလွင်မြစ်ကမ်းအထိ၊ လားရှိုး–မိုင်းယော်– မိုင်းကျက် ကားလမ်းတောင်ဘက်ခြမ်း တန့်ယန်းမြို့နယ်အထိ(ခွန်ဆာ၏ **MTA** အဖွဲ့ လက်နက်ချပြီးနောက်ပိုင်း) သကဆဖ သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့အဖြစ်လည်းကောင်း၊ လွန်ခဲ့သည့် ၄–၅ နှစ်မှစ၍ မန်ပန်ဌာနေပြည်သူ့စစ်အဖြစ်လည်းကောင်း ဗိုလ်မှူးအဖွဲ့ထိန်းချုပ်နယ်မြေအတွင်းရှိ ဒေသခံလူထုအား ဘိန်းစိုက်ပျိုးခွင့်ပိတ်ပင်ခဲ့သော်လည်း ၎င်း၏ပြည်သူ့စစ်အဖွဲ့ဝင်များမှာမူ ယာဘ၊ မူးယစ်ဆေး ကူးသန်းရောင်းဝယ်နေသည်ကိုလစ်လျူရှုထားခဲ့သည်။ထို့ပြင်ဗိုလ်မှူးသည် ၂၀၀၆ နှစ်နှောင်းပိုင်းမှစ၍ နအဖစစ်အစိုးရအတွက် ဒေသခံဆယ်ကျော်သက်အရွယ်ကျေးလက်လူငယ် ၄၀၀–၅၀၀ ခန့်တပ်သားသစ်ကောက်ပေးခဲ့သည်။ ဗိုလ်မှူး အားနအဖက လူမှုထူးချွန်ဆု ချီးမြှင့်ခဲ့ဖူးသည်။ ❑

**စာမျက်နှာ (၂၅) မှ**

*လမ်းလျှောက်နေတယ်ဆိုတာ တစ်နှစ်တာကာလအတွင်းမှာ ကောင်းကောင်းသိလာနိုင်တယ်”* ဟုဆိုပါသည်။

သျှမ်းပြည်တပ်မတော် **SSA** တောင်ပိုင်းခေါင်းဆောင်ဗိုလ်မှူးကြီးယွက်စစ်ကလည်း *“အပစ်ရပ်အဖွဲ့ထဲက စီးပွါးရေးသမားနဲ့ မျိုးချစ်ပြည်ချစ်တော်လှန်ရေးသမား တစ်ဦးနဲ့တစ်ဦး ဘယ်လောက် အမှီသဟဲပြုနိုင်ကြမယ်ဆိုတာ စောင့်ကြည့်ရဦးမှာပေါ့။ ကြာရှည်လက်တွဲသွားဖို့တော့မလွယ်ဘူးလို့ ကျနော်ထင်တယ်”* ဟု ယခုလ ၂၀ ရက်နေ့က လွယ်တိုင်းလျဲန်းဌာနချုပ်၌ ပြောခဲ့သည်။

အလားတူ ယခုလ ၆ ရက်နေ့ကလည်း ရပ်ကွက်၊ ကျေးရွာ၊ အုပ်စုဥက္ကဌအစရှိသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာအကြီးအကဲများအား သွားရောက်ဆင့်ခေါ် ရှင်းလင်းခဲ့စဉ် ၂၀၁၀ ရွေးကောက်ပွဲပြင်ဆင်မှုရှိရန်၊ တိုင်းရင်းသားများအား နိုင်ငံသားကဒ်လုပ်ပေးရန်၊ ရေအား လျှပ်စစ်ထုတ်လုပ်ရေးစစ်ဆေးရန်၊ အိမ်ဖုန်းချပေးရန် အကြောင်းပြချက်ဖြင့် တြိဂံစစ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးကိုယ်တိုင် မိုင်းဆတ်–မိုင်းတုံ–နားကောင်းမူး၊ ထိုင်းနယ်စပ် ပါခီးတပ်စခန်းသို့ ကွင်းဆင်း၍ တောင်ပိုင်း ၀ တပ်ဖွဲ့စစ်ဒေသ ၁၇၁ မှ အကြီးအကဲများနှင့် ထမင်းလက်ဆုံစားခဲ့သေးသည်ဟုဆို၏။ ❑

# ရှမ်း–မြန်မာ ချစ်ကြည်ရေး

**ဦးရွှေအုန်း** (၂၇၊၅၊၂၀၀၈)
(FDP, FDGA ဖွဲ့စည်းရေး ဆော်သြတိုက်တွန်းချက်စာတမ်းမှ)



Image: SHAN

**ဦးရွှေအုန်း**

ကျနော်သည် သျှမ်းအမျိုးသားတစ်ယောက်ပင်ဖြစ်သော် လည်း ၁၃ နှစ်သားအရွယ်လောက်ကစ၍“ရှမ်း–မြန်မာချစ်ကြည်ရေး” ကိုစိတ်ဝင်စားလာခဲ့ပါသည်။ နှစ်အနည်းငယ်ကြာလာသောအခါ၌ အင်္ဂလိပ်လက်အောက်မှလွတ်မြောက်ရန်အတွက်ရှမ်းနှင့်မြန်မာပူးပေါင်း တိုက်ပွဲဝင်ရမည်ဟု ပိုမိုသဘောပေါက်လာပါသည်။ နိုင်ငံရေးကို လက်တွေ့လုပ်ကြရန် အခြားနိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်း၍ ရှမ်းပြည်တွင် ပထမဦးဆုံးနိုင်ငံရေးအဖွဲ့စည်းဖြစ်သည့် “ ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်” (ရပလ)ကိုဖွဲ့စည်းမိကြသောအခါ၌ကားနယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီးသောအခါ၌ “ ပြည်ထောင်စုပုံသဏ္ဌာန်”ဖြင့်သာပူးပေါင်းတည်ဆောက်သင့်သည်ဟုနားလည်ယုံကြည်လာခဲ့ကြပါသည်။

၁၉၄၇ ပင်လုံညီလာခံကိုစတင်ကျင်းပချိန်၌ ပဒေသရာဇ် ဆန့်ကျင်ရေးသမားများဖြစ်ကြသော ကျနော်တို့ရပလသည်“ ပြည်ထောင်စုပုံသဏ္ဌာန်ဖွဲ့စည်းရန် ” အခြေခံမူကို ပဒေသရာဇ်စော်ဘွားများနှင့် ပူးပေါင်းသဘောတူညီကြပြီး မြန်မာပြည်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အရေးဆိုခဲ့ကြပါသည်။ ပင်လုံညီလာခံသို့ စုဝေးရောက်ရှိလာကြသော ကချင်နှင့်ချင်းခေါင်းဆောင်များကလည်း သဘောတူညီကြ၍ ထိုမူကိုထောက်ခံကြပါသည်။ ထို့ကြောင့် (၁) နိုင်ငံရေးတန်းတူညီမျှမှု (၂) ပြည်တွင်းရေးကိုယ်ပိုင်ပြဌာန်းခွင့်နှင့် (၃) ခွဲထွက်ပိုင်ခွင့် –တို့ကို ရရှိလိမ့်မည်ဟူသော အခြေခံသဘောတူညီချက်ရရှိသဖြင့် ၎င်းကို “ပင်လုံမူ”ဟုပင်သမုတ်ခဲ့ပြီး “စာဖြင့်မရေးသားထားသော သဘောတူညီချက်”ဟုလည်းလက်ခံလာကြပါသည်။ ထိုသဘောတူညီချက်ကို အကြောင်းပြု၍ “ပင်လုံစာချုပ်” ကို ၁၉၄၇ ဖေဖော်ဝါရီ ၁၂ ရက်တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး တိုင်းပြုပြည်ပြုလွှတ်တော်သို့တက်ရောက်လာခဲ့ကြပါသည်။

တိုင်းပြုပြည်ပြုလွှတ်တော်၏ဖွင့်ပွဲပထမနေ့တွင် ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလ ကရေးဆွဲထားပြီးသော “ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း”ပေါ်မူတည်ရေးဆွဲထားသည့်“တိုင်းပြည်ပြုလွှတ်တော်က လိုက်နာကျင့်သုံးရမည့်လမ်းညွှန်ချက် ၁၄ ချက်ကိုတင်သွင်းအဆိုပြုခဲ့ပါသည်။ ထိုအဆိုကိုတင်သွင်းရာ၌ ဗိုလ်ချုပ်အောင်ဆန်းက အခြေခံဥပဒေရေးဆွဲရာတွင် စာဖြင့်ရေးသားချုပ်ဆိုထားသော ပင်လုံစာချုပ်ကိုသာမကဘဲ ထိုစာချုပ်ကိုဖြစ်ပေါ်စေခဲ့သည့် အခြေခံအကြောင်းရင်းဖြစ်သော “ စာဖြင့်မရေးသားထားသော ”အခြေခံသဘောတူညီချက်များကိုပါ လိုက်နာရေးဆွဲထားသည်။ ကျနော်တို့သည် စေတနာမှန်ဖြင့်ဆောင်ရွက်ထားပါလျက် တိုင်းရင်းသားကိုယ်စားလှယ်တော်များက ကျနော်တို့အပေါ်တွင်သံသယရှိနေမည်ဆိုပါလျှင်ကျနော်တို့၏စေတနာကိုစော်ကားရာရောက်ပါလိမ့်မည်ဟု ရိုးသားပွင့်လင်း စွာကတိပြုပြောဆိုခဲ့ပါသည်။ သို့ဖြင့်တောင်တန်းဒေသ ကိုယ်စားလှယ်တော်များအားလုံး ထိုလမ်းညွှန်မှု ၁၄ ချက်ကို ထောက်ခံခဲ့ကြပါသည်။

ထိုလမ်းညွှန်မှုကိုအခြေခံခဲ့သော“ဖဆပလ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံမူကြမ်း”တွင် မြန်မာပြည်မကို မြန်မာပြည်နယ်အဖြစ်မဖွဲ့စည်းဘဲ ဗဟိုအာဏာပိုင်အဖြစ်ထားရှိရန်ပါလာခဲ့ပါသည်။ ထိုအချက်သည်ဖြစ်ပေါ်လာမည့် ပြည်ထောင်စုကိုတန်းတူရည်တူ ပြည်ထောင်စုဖြစ်မလာဘဲ မြန်မာပြည်မကအထက်စီးဖြင့်နေရာယူထားသော “မဟာဗမာပြည်ထောင်စုဖြစ်လာ၍” နောင်အခါတွင် မကျေနပ်မှုများစွာကို ဖြစ်ပေါ်စေခဲ့၏။ အားလုံးသဘောတူလက်ခံကြခြင်း ဖြစ်သဖြင့်မည်သူ့ကိုမျှ ပြစ်တင်ပြောဆိုခြင်းမပြုလိုသော်လည်း ထိုသို့ဖြစ်ခဲ့ရသည်မှာသမိုင်းဝင်အဖြစ်အပျက် **Historical Fact** တစ်ခုဖြစ်ခဲ့ရခြင်းကိုကားမသိကျိုးကျွံ မပြုထားသင့်ပေ။ ထိုမကျေနပ်ချက်ကိုအကြောင်းပြု၍ အခြေခံဥပဒေကို ပြင်ဆင်ရန်ကြိုးစားကြသောအခါ၌ ပြင်ဆင်ခွင့်မရတော့ဘဲ အာဏာသိမ်းခြင်းကိုသာခံခဲ့ကြရသည်မှာလည်း သမိုင်းဝင်အဖြစ်အပျက်ပင်ဖြစ်ပေသည်။



ဗိုလ်ချုပ်နေဝင်း၏ မဆလအစိုးရခေတ်တွင် ၁၉၇၄ ၌ ဒုတိယအကြိမ် အခြေခံဥပဒေကိုရေးဆွဲကြရာ၌ အခြေခံဥပဒေမူကြမ်းကို ပြည်သူလူထုထံချပြ၍ဆွေးနွေးစေခဲ့ပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ခြိမ့်ခြိမ့်သဲသဲကျင်းပပြီးနောက်မှအတည်ပြုခဲ့သည်မှာမှန်၏။ သို့သော် တပါတီအာဏာရှင်နိုင်ငံများ၏ လုပ်ထုံးလုပ်နည်းအတိုင်း ဗိုလ်ချုပ်နေဝင်း၏ဆန္ဒနှင့်လမ်းညွှန်မှုပေါ်တွင်အခြေခံပြီး လုပ်ကြံဖန်တီးထားသောလူထုဆန္ဒကိုဖေါ်ထုတ်၍အတည်ပြုခဲ့သည့်“တိုင်း ၇ တိုင်းနှင့်ပြည်နယ် ၇ ခုကို ပူးပေါင်းဖွဲ့စည်းသော” အတုအယောင်ပြည်ထောင်စုကို ဖွဲ့စည်းခဲ့ကြပြန်ပါသည်။ ကျန်လူမျိုးစုများ၏ စုပေါင်းမဲအပေါ်တွင် ပို၍များသော မြန်မာများ၏မဲဖြင့်အနိုင်ယူခဲ့ခြင်းသာဖြစ်သည်။ ပြည်ထောင်စုစိတ်ဓါတ်နှင့် ဆန့်ကျင်ဘက်သာဖြစ်ခဲ့၏။

အတုအယောင်အမျိုးသားညီလာခံတွင် စစ်အာဏာပိုင်များ၏ ဩဇာအာဏာလွှမ်းမိုးမှုအောက်၌ ၎င်းတို့ကြိုးဆွဲရာကရသော ရုပ်သေးကိုယ်စားလှယ်တော်များကအတည်ပြုပြဋ္ဌာန်းခဲ့သော (၁) ပြည်ထောင်စုလည်းမဟုတ်သည့်ပြင် (၂) စစ်အာဏာပိုင်များ၏ ဩဇာခံမျှသာဖြစ်၍ ဒီမိုကရေစီနိုင်ငံလုံးဝမဟုတ်သော အခြေခံဥပဒေမူကြမ်းကို ရုပ်ပြဒီမိုကရေစီအောက်တွင် စစ်အစိုးရအလိုကျ ခြယ်လှယ်ဖန်တီးမည့် နည်းပရိယာယ်များအရအမည်ခံဆန္ဒခံယူပွဲဖြင့် အနိုင်ယူလျက်ပြည်သူလူထုအား နောင်နှစ်ပေါင်းများစွာ မီးလောင်တိုက်သွင်းမည့် စီမံကိန်းကြီးကို ပြင်ဆင်လျက်ရှိပေပြီ။ ယခုအကြိမ်တွင်မူ ပြည်သူလူထု၏ ဆန့်ကျင်မှုများသည် ကျယ်လောင်စွာပေါ်ထွက်လျက်ရှိသည်။ မည်သို့ ပန်းဝင်လာမည်ကိုသာစောင့်ကြည့်ကြရပေမည်။ မည်သို့ဆိုစေ ပါတီစုံဒီမိုကရေစီဘက်သို့ ဦးတည်လာနေပြီ။ နိုင်ငံရေးပါတီတည်ထောင်၍ မိမိတို့ကြိုက်နှစ်သက်ရာလမ်းစဉ်ဖြင့် ချီတက်နိုင်ကြတော့မည့် အရိပ်အယောင်ကား ရောင်ခြည်သန်း၍ လာပြန်ပြီဟု မှန်းဆ၍ရနိုင်ပေသည်။ ပြည်သူလူထုအနေဖြင့် ထိုအခွင့်အရေးကို အချိန်မှီအသုံးချနိုင်ရေးအတွက် အသင့်ပြင်ကြရတော့မည့် အချိန်ကျရောက်လျက်ရှိပြီဟု ထင်မိပါသည်။

ယခုအခါ ကျနော်အသက် ၈၀ ကျော်ပြီဖြစ်သော်လည်း ငယ်စဉ်ကစ၍ ယုံကြည်လာခဲ့သော “ရှမ်း–ဗမာချစ်ကြည်ရေး” စိတ်ဓါတ်မှာ မယိမ်းမယိုင်တည်မြဲလျက်ပင်ရှိနေပါသေးသည်။ အလားတူစွာ လူမျိုးပေါင်းစုံချစ်ကြည်ရေး၊ စစ်မှန်သော ပြည်ထောင်စုကြီးတည်ဆောက်ရေးရည်မှန်းချက်သည်လည်း နှစ်ပေါင်းများစွာကြာလာခဲ့သည့်တိုင်အောင် ပျောက်ကွယ်၍မသွားပါ။ အခွင့်အရေးရသည်နှင့် ထိုလမ်းစဉ်အတိုင်းချီတက်နိုင်မည့် နိုင်ငံရေးအဖွဲ့အစည်းတစ်ခုကို စတင်အကောင်အထည်ဖော်ရမည်မှာကျနော်တို့လက်ရှိ ပြည်ထောင်စုသားများ၏သမိုင်းပေးတာဝန်ဖြစ်သည်ဟု လေးနက်စွာယုံကြည်ဆဲဖြစ်ပါသည်။

ထိုလမ်းစဉ်သည် ပန်းခင်းသောလမ်းဖြစ်မည်မဟုတ်။ ခယောင်းတောကို ဖြတ်သန်းကြရပေဦးမည်။ မှန်ကန်သောလမ်းစဉ်ဖြစ်သဖြင့်သင့်တော်သော ကာလတစ်ခုတွင် နောင်လာနောက်သားများအတွက်သီးပွင့်လာနိုင်လိမ့်မည်ဟု မျှော်မှန်း၍သာလုပ်ဆောင်ကြရ မည်။ ကျနော်တို့သည် အုန်းပင်စိုက်ကြမည့်သူများဟုပင် နားလည်ထားကြရပါမည်။အားတက်စရာတစ်ခုတော့ရှိပါသည်။ မြန်မာလူမျိုးအများအပြား၏ စိတ်သဏ္ဍာန်တွင်စစ်မှန်သော ပြည်ထောင်စုသဘောတရားသည် အမြစ်တွယ်လာပြီဖြစ်၏။ မြန်မာမဟုတ်သော ကျန်လူမျိုးစုများသည် အမြင်ပြောင်းလဲလာပြီဖြစ်သော မြန်မာလူမျိုးများနှင့်လက်တွဲညီညီချီတက်ကြလျှင် မျှော်မှန်းသည့်ပန်းတိုင်သည် လက်တကမ်းသို့ရောက်နေပြီဟုသာ အဖြစ်စိတ်နှင့်မှန်းဆနိုင်လောက်ပေပြီ။ စစ်မှန်သောပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးအတွက်၊ လူမျိုးစုခေါင်းဆောင်များသည် မြန်မာများကိုဆန့်ကျင်ဆန္ဒပြ တိုက်ခိုက်သော **Confrontation** လမ်းဟောင်းကို စွန့်လွှတ်၍ အမြင်မှန်ရရှိလာပြီးသော မြန်မာများနှင့် ပူးပေါင်းလျက် တူညီသောပန်းတိုင်သို့ရောက်သည် အထိ စုပေါင်းတိုက်ပွဲဝင်နည်းပရိယာယ် **Co-operation** ကိုပြောင်းလဲအသုံးပြုသင့်ပြီဟု လေးနက်စွာယုံကြည်ပါသည်။ ❑

# နိုင်ငံရေးခံယူချက်ပြင်းပြဆဲ

၁၉၉၀ ရွေးကောက်ပွဲအပြတ်အသတ်အနိုင်ရ **NLD** ဗဟို အလုပ်အမှုဆောင်ကော်မတီဝင် နိုင်ငံကျော် ဝါရင့်သတင်းစာဆရာကြီး ဦးဝင်းတင် ၇၉ နှစ်သည် နဝတ/နအဖစစ်အုပ်စု၏ မတရားဖမ်းဆီး ထိန်းသိမ်းမှုကြောင့် ၁၉၈၉ ကတည်းက ၁၉ နှစ်ကြာနိုင်ငံရေးအကျဉ်း သားဘဝ ထောင်ကျခဲ့ရပြီး ၂၀၀၈ စက်တင်ဘာ ၂၃ ရက်နေ့ကျမှ လွှတ်မြောက်လာခဲ့၏။


Photo : AFP

စစ်မှန်သည့်ဒီမိုကရေစီပန်းတိုင်အထိ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းတာဝန်များကို အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်း လုပ်ရှားဆောင်ရွက်သွားမည်ဟု ဦးဝင်းတင်မှ ထုတ်ဖော်ကြေငြာခဲ့၏။ ဒီမိုကရေစီသူရဲကောင်းတစ်ဦး၏ဒေါင်ဒေါင်မြည်ခိုင်မာသောခံယူချက်တည်း။

AFP (24.9.2008)

# ပြည်သူ့သညာ ပမါနှ

အရှေ့ရိုးမ အိုက်တိုင်းယီးဝါ့ (၉/၁၀/၂၀၀၈)

“ ဒီမိုကရေစီဆိုတာ နိုင်ငံရေးသမားတွေကနေ ပေါက်ဖွားလာတာမဟုတ်။ ဒီမိုကရေစီဆိုတာ ပြည်သူလူထုကနေ ပေါက်ဖွားလာတာဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေထက် ဒီမိုကရေစီအရင်လာရမယ်”

ဤအဆိုအမိန့်ကို ထိုင်းနိုင်ငံထင်ရှားသောပြည်သူ့သားကောင်း နိုင်ငံရေးဝေဖန်ရေးသမားဆရာဝန် ပရဝေ့သ်ဝဆီက စက်တင်ဘာလနှောင်းပိုင်း၌ထောက်ပြလမ်းညွှန်ခဲ့၏။ ထိုင်းနိုင်ငံရေးပဋိပက္ခအကျပ်အတည်းကြားမှပြောထားခဲ့သော အမှန်တရားစကားဖြစ်၏။ ထိုင်းနိုင်ငံအတွက်သာမက စစ်အာဏာယန္တရားအောက်ပြားပြားမှောက်နေရသည့် ဗမာပြည်သူများအတွက်မှတ်သားဖွယ် လက်ကိုင်ထားရမည့်ဆောင်ပုဒ်လည်း ဖြစ်သည်ဟုယူဆသည်။

ဗမာပြည်နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအတွက် ဒီမိုကရေစီအင်အားစုနှင့်တိုင်းရင်းသားအင်အားစုတို့က ၁၉၈၈ မှစ၍အနှစ် ၂၀ ကျော်လှုပ်ရှားကြိုးပမ်းလာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်၏။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက ပြုပြင်ပြောင်းလဲသင့်လှပြီဖြစ်ကြောင်းလည်း လူတိုင်းသိရှိ၏။ တိုင်းရင်းသားပေါင်းစုံပြည်သူများ အသက်သွေးချွေးရင်း၍တောင်းဆိုတိုက်ပွဲဝင်နေကြဆဲဖြစ်၏။ သို့သော်ဗိုလ်သန်းရွှေစစ်အုပ်စု၏လက်နက်အားကိုး ဓါးမိုးကြီးစိုးမှုအောက် မလွန်မြောက်နိုင်ကြသေးဘဲ အဖိနှိပ်ခံဘဝထဲ လူးလွန့်နေကြဆဲဖြစ်သည်။




မိမိတို့လည်း စည်းကမ်းရှိသော ဒီမိုကရေစီပန်းတိုင်ဆီသို့ တဆင့်ပြီးတဆင့် ဦးတည်နေသည်။ အဆင့် ၇ ဆင့် နိုင်ငံရေးလမ်းပြမြေပုံအတိုင်းသွားနေသည်ဟု သန်းရွှေစစ်အုပ်စုက လေလံပစ် ဟစ်အော်ကြွေးကြော်ဝါဒဖြန့်နေ၏။ အဆင့် ၄ အရ မေလဆန္ဒခံယူပွဲကို လိုရာဆွဲကလိမ်ကကျစ်ပြုလုပ်၍ နအဖအလိုကျဖွဲ့စည်းပုံအတည်ပြုလိုက်ပြီးနောက်ပိုင်း အဆင့် ၅ ဖြစ်သည့် ရွေးကောက်ပွဲလည်း ၂၀၁၀ အတွင်းကျင်းပရန် စိုင်းပြင်းစီမံလျက်ရှိ၏။

အမှန်စင်စစ် သန်းရွှေစစ်အုပ်စု၏ ၂၀၁၀ ရွေးကောက်ပွဲကားတစ်ချက်ခုတ်သုံးချက်ပြတ်စီမံကိန်းကြီးဖြစ်သည်။ (၁)အစိမ်းရောင် ယူနီဖောင်းချွတ်များ ရေရှည်အာဏာလက်ကိုင်ထားရေးအတွက် ပြည်ထောင်စုအရေးခြုံ တပြည်ထောင်စနစ်ကိုစစ်ဗိုလ်တစ်မတ်သား ပါလီမန်စနစ်ဖြင့်ဖော် ဆောင်ရန်။ (၂) ၁၉၉၀ ရွေးကောက်ပွဲ၌ တခဲနက် အပြတ်




အသတ်အနိုင်ရခဲ့ကြသော လူထုထောက်ခံမှုရဆဲ NLD / SNLD တို့အား ဥပဒေကြောင်းအရ တရားမဝင်တော့ကြောင်းပြသပထုတ်ရန် (၃) ဖွဲ့စည်းပုံသစ် စည်းမျဉ်းစည်းကမ်း ပြဋ္ဌာန်းချက်များအရဟု ထောက်ပြအကျပ်ကိုင်ပြီး အပစ်ရပ်အဖွဲ့များအား လက်နက်ဖြုတ် နိဂုံးချုပ်ပစ်ရန်တို့ဖြစ်သည်။

၁၉၉၃ ကျိုက္ကဆံညီလာခံနှင့် ၂၀၀၄ ညောင်နှစ်ပင်ညီလာခံအစ၊ မေလအတုအယောင်ဆန္ဒခံယူပွဲအလယ်၊ ၂၀၁၀ ရွေးကောက်ပွဲအဆုံး ပြည်သူလူထုအများစုဆန္ဒလုံးဝမပါကြောင်း တပြည်လုံးနားလည်ကြ၏။ ဗိုလ်သန်းရွှေစစ်အုပ်စု၏ အလိုတော်ရိ လက်ပါးစေလက်ဝေခံများဖြစ်သည့် ခေါင်းခေါက်ရွေးခြယ်ခံ ကိုယ်စားလှယ်များဖြင့် အဆင့်တိုင်းပါဝင်သရုပ်ဆောင်ခိုင်းခြင်းသာဖြစ်၏။ အခြေခံဥပဒေပေါ် ပေါက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်ဟု သုနက္ခပါးစပ်ကနုတ်စကားပြောပြီးလက်တွေ့လုပ်ရပ်မှာ စစ်တပ်သာအမိအဖအရာ၊ ပြည်သူပဓါနမကျ၊ သာမညအဆင့်၌သာ ခယနေရသည်။

ပြည်တွင်း ပြည်ပမျိုးချစ်ပုဂ္ဂိုလ်များ၊ ဝါရင့်နိုင်ငံရေးသမားများ၊ တိုင်းရင်းသားအုပ်စုများသာမက ကမ္ဘာ့မိသားစုမှ တွေ့ဆုံဆွေးနွေးရန်အဖန်တလဲလဲတိုက်တွန်းတောင်းဆိုခဲ့ကြ၏။ အပေါင်းလက္ခဏာဆောင် ပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရမည်ဟု UN, US, EU, ASEAN နိုင်ငံတကာအသိုင်းအဝိုင်းကတလျှောက်လုံး ပိတ်ဆို့ချော့မော့ဖိအားပေးခဲ့ကြသော်လည်း သန်းရွှေစစ်အုပ်စုအလေးမမူ၊ ဂရုမစိုက်ခဲ့ပေ။ အဓိကကျသော ခေါင်းဆောင်ပုဂ္ဂိုလ်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးလိုက်ပါကမိမိပုံစံ မိမိစိတ်တိုင်းကျ ပြုပြင်ပြောင်းလဲရေးအတွက် အနှောင့်အယှက်အဟန့်အတားဖြစ်မည်ဟု ၎င်းတို့မှတ်ယူထားသောကြောင့်ဖြစ်သည်။ ဤအချက်သည်လည်း ကမ္ဘာ့လူထု၊ ပြည်သူ့ဆန္ဒဆိုသည်မှာနအဖအတွက်အရေးပဓါနလုံးဝမဖြစ်၊ သာမညအသေးအဖွဲသာဖြစ်ကြောင်းဖော် ပြနေပေသည်။

ဗမာပြည်နိုင်ငံရေးအပြောင်းအလဲကို ကြိုဆိုထောက်ခံအားပေးသည်ဟု ကမ္ဘာ့နိုင်ငံတော်တော်များများ ပြောဆိုကြသော်ငြား

သန်းရွှေစစ်အုပ်စုနှင့်ချဉ်းကပ်ပုံချင်း ကွဲပြားခြားနားကြသောကြောင့် နအဖအဖို့ ရီတာပေ့ါဖြစ်နေ၏။ စတစ်ကအဲန်ခဲရော့ထ်ပေါ် လစီ (သို့) တုတ်ပြ မုန့်ပြ လုပ်ဟန်ကျင့်သုံးပုံချင်း များစွာကွာဟနေသောကြောင့် ခုတ်ရာတခြားရှရာတခြား ဖြစ်ရ၏။ ယနေ့ကမ္ဘာ့နိုင်ငံရေးရေစီးကြောင်းမှာနိုင်ငံတိုင်း၊ အုပ်စုတိုင်းအဖို့ကိုယ်ကျိုးစီးပွါးအတွက်ကိုပင် ရှေ့တန်းတင်ဦးစားပေးကြလွန်းသောကြောင့်သန်းရွှေစစ်အုပ်စုနှင့် ဆက်ဆံပုံချင်း ကွာခြားကြရခြင်းဖြစ်၏။

# ပြည်သူ့ဆန္ဒနှင့် ဗီလာဆန့်ကျင်သော သန်းရွှေစစ်အုပ်စု၏ စစ်တပ်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည့် ဆောင်ပုဒ် ပြောင်းပြန်လှန်ပစ်ရမည်ဖြစ်၏။ ပြည်သူအင်အားရှိမှတိုင်းပြည် အင်အားရှိမည်၊ ပြည်သူ့တွန်းအားအထမြောက်မှ ဒီမိုကရေစီပန်းတိုင်ရောက်မည်

အမေရိကန်က တုတ်ကြီးကြီး မုန့်သေးသေး၊ ဥရောပသမဂ္ဂက တုတ်နှင့်မုန့်ရွယ်တူ၊ တရုတ်အာဇီယံတို့ကမုန့်ကြီးကြီးတုတ်သေးသေး လေချိုသွေးချော့မြူ၊ UN ကသုံးပွင့်ဆိုင်လေသံပျော့၊ နအဖ ရွေးကောက်ပွဲကျတော့ပါဝင်စေလို၊ ပြည်သူများခိုကိုးရာမဲ့ဖြစ်ရသည်။ ဗမာပြည်သူများ ကိုယ့်ကိုယ်ကိုအားကိုးရန်မှတပါး၊ အခြားမျှော်လင့်ချက်မရှိသည့် ပြင်ပပြယုဂ်ကို အဟုတ်ကြီးမထင်မိဘို့လိုသည်။ သမုဒ္ဒရာဝမ်းတထွာ အရေး ဒုက္ခဘေးကြုံ၊ ဆင်းရဲငတ်ပြတ်မှုအဖုံဖုံကြောင့် နေမထူးသေမထူး ဘဝထဲ မီးခဲပြာဖုံး၊ နာကျည်းမှုပုံးက နောက်ဆုံးတနေ့ သေချာပေါက်ပေါက်ကွဲဦးမည်ဖြစ်သည်။ ကိုယ်ကျိုးစွန့်အနစ်နာခံ ပြည်သူ့ခေါင်းဆောင်များအဖို့ ယုံကြည်ချက် မျှော်လင့်ချက်အားအင် မြှင့်တင်ခိုင်မာစေခြင်းဖြင့် အရေးအခင်းရုန့်ရင်းကြမ်းတမ်းမှုကို အခွင့်အလမ်းအဖြစ် ပြောင်းလဲရန် တာဝန်ရှိသည်။ သို့မှသာဖိလစ်ပင်းကဲ့သို့ ပြည်သူ့စွမ်းအားဖြင့်ပြည်သူသည်သာပဓါနအခန်းကဏ္ဍကိုဖေါ် ဆောင်နိုင်မည်။ တချိန်တည်းမှာပင် ဗီဒယ်ရားမို့စ်အလားအမှန်တရားမြတ်နိုးသူပြည် သူ့ဘက်တော်သား တပ်မတော်ခေါင်းဆောင်များ ပေါ်ပေါက်လာမည်ဖြစ်သည်။



ပြည်သူ့ကြားမှ ပြည်သူများ အားထားရသည့် နောက်ပေါ် အမာခံ သတ္တိရှင်များအဖို့ သိသင့်သိထိုက်သည်မှာ လာမည့်တစ်နှစ်ခန့်ကာလအတွင်း NLD/SNLD စသည့်အတိုက်အခံ နိုင်ငံရေးပါတီများနှင့် လက်နက်ကိုင်ထားဆဲ အပစ်ရပ်အဖွဲ့များအပေါ် လုံးဝပုံအောမျှော်လင့်မထားရန်လို၏။ အကြောင်းသော်ကား ၎င်းတို့၏ အင်အားနှင့်အဆင့်နေရာမှာလည်း ကိုယ့်ဝမ်းနာကိုယ်သာသိ အနေအထား ဖြစ်ပြီး ပြည်သူတရပ်လုံး၏လှုပ်ရှားအုံကြွမှုကို ပြန်၍မျှော်လင့်အားထားနေရသောကြောင့်ဖြစ်၏။ထို့ထက်မက ၎င်းတို့၏ရှေ့ရေးကံကြမ္မာကို ၎င်းတို့ကိုယ်တိုင်ပင် အပြည့်အဝ မခန့်မှန်းနိုင်သကဲ့သို့ဖြစ်နေ၏။ အရာရာကိုခြယ် လှယ်နိုပ်ကွပ်ပြီး ဘာမျှအလွတ်မပေးသည့် သန်းရွှေစစ်အုပ်စုက အသာစီးရနေသောကြောင့် အချို့မှာမလှုးသာမလွန့်သာဖြစ်ရရှာသည်။

ဒီကြားထဲ လက်နက်ကိုင်အပစ်ရပ်များထက် လက်နက်မဲ့အတိုက်အခံပါတီများက နိုင်ငံရေးသတ္တိပိုရှိကြသည်ကို ခပ်များများတွေ့ရ၏။ အချို့အပစ်ရပ်ခေါင်းဆောင်များ အိတ်ဖေါင်း၍စိတ်ပြောင်းပြီး မူလနိုင်ငံရေးရည်မှန်းချက်များ ရေစုန်မျှောလေ့ရှိကြခြင်းမှာလည်း ပြည်သူသည်သာပဓါန၊ ပြည်သူ့စွမ်းအား အဓိကအယူအဆကို နားမလည်ပစ်ပယ်ကြသောကြောင့်ဖြစ်၏။တောတွင်းဘဝလူထုထမင်းစားရ၍သာ အသက်ရှင်ခဲ့သည့်အဖြစ်ကို ၎င်းတို့လစ်လျူရှုရက်ကြသောကြောင့်ဖြစ်သည်။

ပြည်သူ့ဆန္ဒနှင့် ဗီလာဆန့်ကျင်သော သန်းရွှေစစ်အုပ်စု၏ စစ်တပ်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည့် ဆောင်ပုဒ် ပြောင်းပြန်လှန်ပစ်ရမည်ဖြစ်၏။ ပြည်သူအင်အားရှိမှတိုင်းပြည်အင်အားရှိမည်၊ ပြည်သူ့တွန်းအားအထမြောက်မှ ဒီမိုကရေစီပန်းတိုင်ရောက်မည်။ လက်ကျန် ပြည်သူ့အမာခံဘက်တော်သားများအဖို့ ကမ္ဘာ့အသိုင်းအဝိုင်း US,UN,EU,ASEAN တို့အပေါ် မျှော်လင့်စောင့်စားနေသည်ထက် ပြည်တွင်းပြည်သူကိုသာ အားထားရမည်ဖြစ်၏။ အတိုက်အခံပါတီများနှင့် အပစ်ရပ်များအပေါ် မျှော်လင့်စောင့်စားနေသည်ထက် ၎င်းတို့နှင့်လက်တွဲပူးပေါင်း၍ အပြန်အလှန် ဖျောင်းဖျသိမ်းသွင်း စည်းရုံးတိုက်ပွဲဝင်ရမည်။

ပြည်သူသည်သာ ပဓါန– လက်တွေ့ကျကျ တဖန်အုံကြွ အသက်သွေးချွေး ရာထောင်မက စတေးခံ– ထပ်မံ မရင်းနှီးမချင်း၊ မျှတညီမျှ လွတ်လပ်ခြင်း ကင်းဝေးနေဦးမည်ဖြစ်ပါကြောင်း။ ❑

# ခေါင်းမာမှုနှင့် သည်းခံမှုခြားနားချက်

ကြယ်မင်းခေါင် (သျှမ်းပြည်) ၁၀၊၁၀၊၂၀၀၈

သည်းခံခြင်း (သို့) ခန္တီတရားသည် ခေါင်းဆောင်အကြီး အကဲတို့တွင်ရှိရမည့်ကျင့်စဉ်တရပ်ဖြစ်၏။ သည်းခံမှုရှိသော ခေါင်းဆောင် ကား တရားဓမ္မလက်ကိုင်ထားသူဖြစ်သည်။

နိုင်ငံ့ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိဘဲနှင့် အာဏာရာထူးတည်မြဲရေးအတွက် စွဲလန်းဖက်တွယ်ရန်သာ ကြိုးစားကြံစည်ကြသူများကိုမူ ခန္တီတရားရှိသူထက် အရေထူခေါင်းမာသူ မိစ္ဆာဒိဋ္ဌိအဖြစ် သံသယရှိရပေမည်။

သည်းခံခြင်း (သို့) ခန္တီတရားဆိုသည်မှာ မိမိ၏ပကတိ သဘာဝ စိတ်နေစိတ်ထားကို ထိန်းသိမ်းနိုင်သည့်အနေအထားဖြစ်၏။ မိမိမလိုလားမနှစ်သက်သည့် အချင်းအရာအမှုကိစ္စ၏ ထိပါးရိုက်ခတ်မှုကို မည်သို့ပင်ခံစားရပါစေ၊ မလှုပ်မရှားမလွှင့်မပါး၊ ခိုင်မာလေးနက်စွာရပ်တည်နိုင်ခြင်းဖြစ်၏။

မိမိအပေါ် ဝေဖန်ထောက်ပြမှု၊ ဖိအားပေးတိုက်တွန်းမှု၊ ထိပါးဂယက်ရိုက်ခတ်မှုအပေါ် မခံမရပ်နိုင်ဘဲ နေ့စဉ်နှင့်အမျှ ရှူးတူးရှဲတဲ တုန့်ပြန်တတ်ခြင်းသည် သည်းခံခြင်း၊ ခန္တီတရားနှင့် လားလားမျှ မအပ်စပ်မလျော်ညီ ဆန့်ကျင်ဖီလာဖြစ်၏။ ခေါင်းမာစွာ မာန်မာနထောင်လွှားခြင်းသာဖြစ်သည်။



ခေါင်းမာမှုဆိုသည်မှာအဘယ်နည်း။ အနက်အဓိပ္ပါယ်ဖွင့်ဆိုရလျှင် – နားထောင်နာယူခြင်း၊ လက်ခံစဉ်းစားခြင်း၊ လက်ကမ်း ကြိုဆိုခြင်း အလျဉ်းမရှိ၊ ထက်မြက်လိမ္မာမှုနတ္ထိဖြစ်၏။ ထို့ထက်မက မတည်ငြိမ် ခြင်း၊ ကျွတ်ဆတ်ခြင်း၊ အပူအအေးဓါတ်မခံစားနိုင်ခြင်း၊ နူးညံ့သိမ်မွေ့မှု မရှိခြင်း၊ အရေထူခြင်း၊ မျက်နှာပြောင်တိုက်ခြင်း၊ ဟိရိသြတပ္ပကင်းမဲ့ခြင်း စသည်များစုဝေးနေသော နေရာဖြစ်၏။ ခေါင်းမာမှုကို မောက်မာခြင်းဟုလည်း ခေါ်ဆိုနိုင်သည်။ အရေထူခေါင်းမာခြင်းသည် အကျင့်ပါစွဲမြဲသော စရိုက်ဆိုးဖြစ်သည်။

လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တနိုင်ငံလုံးပြည်သူများအနှစ် ၂၀ ကျော်ကြာ အော့နှလုံးနာ၊ ရွံရှာမုန်းတီး နာကျည်းစက်ဆုပ်နေသည်ကို မသိချင်ယောင်ဆောင်ခြင်း ၊ မသိကျိုးကျွံပြုခြင်းသည် အရေထူမှုဖြစ်၏။ လယ်သမား၊ အလုပ်သမား လက်လုပ်လက်စားလူတန်းစားမရွေး ကျေးလက်မြို့ပြဝန်ထမ်းလောက ခပ်များများက ဒင်းတို့အားမလိုလား ဖယ်ရှားတွန်းလှန်ပစ်ရန် ကြံစည်ကြိုးပမ်းသည်ကိုအကြမ်းဖက်နှိပ်ကွပ်ခြင်းသည် ခေါင်းမာမိုက်မဲမှုဖြစ်၏။ စစ်အာဏာရှင်စနစ်ပြောင်းလဲပစ်၊ စစ်အာဏာရှင် ယန္တယားဖယ်ရှားပစ်၊ဒီမိုကရေစီတိုင်းပြည်သစ်ထူထောင်၊ လူထုဆန္ဒအကောင်အထည်ဖေါ်ဟု ကြွေးကြော်တောင်းဆိုကြသည်ကို မျက်စိစုံမှိတ် အခွင့်အရေးပိတ်ပင်နေခြင်းကား၊ သေနတ်အားကိုး မင်းဆိုးမင်းညစ်တို့၏ ကျင့်စဉ် စရိုက်ဉာဉ်ဖြစ်တော့သည်။ ဒင်းတို့၏ အရေထူခေါင်းမာမှု၊ မိုက်တွင်းနက်မှုသည် သည်းခံခွင့်လွှတ်မှု ခန္တီတရားနှင့် လားလားမျှ မသက်ဆိုင်၊ ကိုယ်ချင်းစာမှုနှင့် အလျဉ်းမျှအကြုံးမဝင်၊ ကောင်းကင်နှင့် မြေလွှာပမာ ဖီလာဆန့်ကျင်ဖြစ်တော့သည်။

> ဒင်းတို့၏ အရေထူခေါင်းမာမှု၊ မိုက်တွင်းနက်မသြည် သည်းခံခွင့်လွှတ်မှု ခန္တီတရားနှင့် လားလားမျှ မသက်ဆိုင်၊ ကိုယ်ချင်းစာမှုနှင့် အလျဉ်းမျှအကြုံးမဝင်၊ ကောင်းကင်နှင့် မြေလွှာပမာ ဖီလာဆန့်ကျင်ဖြစ်တော့သည်

၁၉၈၈ စက်တင်ဘာ ၁၈ ရက်စစ်တပ်မှတတိယမွိုအာဏာသိမ်းခဲ့ပြီးနောက်ပိုင်း ဆယ်စုနှစ် ၂ ခု ကာလအတွင်း ဗိုလ်သန်းရွှေ စစ်အုပ်စုဓါးမိုးအုပ်ချုပ်မှုကို အချို့တပ်မတော်အရာရှိများ လက်သင့်မခံဘဲပြုပြင်ပြောင်းလဲစေလို၏။ဗိုလ်မှူးကြီးအေးမြင့်၊ဗိုလ်ကြီးစိုင်းဝင်းကျော်၊ဗိုလ်မှူးဇော်ထွန်း၊ ဗိုလ်မှူးအောင်လင်းထွဋ် စသည့် တပ်မတော်အရာရှိ အနည်းစုက ကမ္ဘာ့ဒီမိုကရေစီရေစီးကြောင်းနှင့်အညီအရှိအတိုင်း အမှန်အတိုင်းတွေးခေါ် မျှော်မြင်တတ်ကြသော်လည်းနအဖထိပ်သီးများနှင့်ဗမာစစ်တပ်အရာရှိအချို့မှာ သည်းခံမှုနှင့်အရေထူခေါင်းမာမှုကိုခွဲခြားသိမြင်တတ်ခြင်း မရှိကြသေးပေ။

အကြောင်းမှာ ဝမ်းဗိုက်အပါအဝင် ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးအပေါ် ဦးနှောက်က ဦးဆောင်ကွပ်ကဲရမည့်အစား၊ ဒင်းတို့၏ဦးနှောက်ကို ဒင်းတို့၏ဝမ်းဗိုက်နှင့်အိတ်ထောင်(ပိုက်ဆံအိတ်)က ဦးဆောင်စေခိုင်းနေသောကြောင့်ဖြစ်၏။ ဤသို့ဖြင့် သည်းခံခွင့်လွှတ်ခြင်းကိုယ်ချင်းစာတတ်ခြင်းထက် အရေထူခေါင်းမာခြင်းက ၎င်းတို့အတွေးအမြင်အယူအဆအပေါ် လွှမ်း မိုးခြယ်လှယ် ချုပ်ကိုင်နေခြင်းဖြစ်သည်။

သည်းခံခွင့်လွှတ်ကိုယ်ချင်းစာမှုနှင့် အရေထူခေါင်းမာမှု၊ ဤသဘောတရားနှစ်ခုကို ဗိုလ်သန်းရွှေစစ်အုပ်စု နားလည် သဘောပေါက်မှု မရှိမချင်း၊ စဉ်းစားဝေဖန်ခွဲခြမ်းစိတ်ဖြာတတ်မှုမရှိမချင်း၊ ဗမာပြည် တွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုသည်လည်း ခက်ခဲရှည်ကြာ သံသရာလည်နေဦးမည်ဟု မြင်ယောင်မိပါကြောင်း။ ❑

# ကာကွယ်ရေးဝန်ကြီးဌာနအောက် အပစ်ရပ်များပြန်လည်ဖွဲ့စည်းမည်

၂၀၁၀ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ တရုပ်နယ်စပ်က အပစ်ရပ်အဖွဲ့တွေ ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး စစ်အစိုးရကာကွယ်ရေးဝန်ကြီးဌာနလက်အောက် ထားရှိမယ်လို့ နအဖတာဝန်ရှိတပ်မှူးတစ်ဦးက စက်တင်ဘာလကုန်ပိုင်းမှာအသိပေး ပြောကြားလိုက်ပါတယ်။

သျှမ်းပြည်တခုလုံးကိုတာဝန်ယူထားတဲ့ ကစထမှူး ဒု–ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ကျိုင်းတုံအရှေ့ မုန်းလားအဖွဲ့၊ တောင်ပိုင်း UWSA ဝတပ်ဖွဲ့အရာရှိတွေကို ကျိုင်းတုံခေါ် ယူပြီး တွေ့ဆုံ အသိပေးတာလို့တရုပ်နယ်စပ်က အပစ်ရပ်အဖွဲ့တွေနဲ့ နီးစပ်တဲ့ သတင်းရပ်ကွက်က သိရပါတယ်။ အခုလိုတွေ့ဆုံရာမှာ အပစ်ရပ်တပ် တွေကိုလက်နက် ချခိုင်းတာမဟုတ်ဘဲ ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာတိုင်းအောက် တပ်ဖွဲ့အဖြစ် ပြန်လည်ဖွဲ့စည်းမယ့် အကြောင်း အသိပေးတာလို့ဆိုပါတယ်။ ဒီလိုအသိပေးပေမဲ့ အပစ်ရပ်တပ်တွေကို ဘယ်တော့ပြန်ဖွဲ့စည်းခိုင်းမယ်ဆိုတာကိုပြောတာ မဟုတ်ဘဲ ဒီကိစ္စအတွက်ပြင်ဆင်ထားဖို့၊အချင်းချင်းနားလည်မှု ရှိရှိနဲ့ ဆွေးနွေးညှိနှိုင်းထားဖို့ ဒု–ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က မှာကြားခဲ့ တာဖြစ်ပါတယ်။ ဒ့ါအပြင်တပ်တွေကို ပြန်လည်ဖွဲ့စည်းတဲ့ အခါမှာ နိုင်ငံတော်ရဲ့ တပ်မတော်အောက်မှာရှိတဲ့အတွက် တပ်မတော် ရဲ့ဂုဏ်သိက္ခာနဲ့ညီညွတ်တဲ့၊ အရည်အချင်းအဆင့်အတန်းပြည့်မှီတဲ့ တပ်ဖွဲ့တွေဖြစ်ဖို့လိုတယ်လို့ ဆိုပါတယ်။ ဒီအတွက်အပစ်ရပ်အဖွဲ့တွေ ကနေပါလာတဲ့အဆင့်မမှီတဲ့တပ်ရင်းမှူး၊ တပ်ခွဲမှူး၊ တပ်စုမှူးတွေနေရာမှာ လိုအပ်ရင် ဗမာ့တပ်မတော်ကအရာရှိတွေနဲ့အစားထိုးပြီးအုပ်ချုပ်သွား မယ်လို့ ပြောကြားသွားတယ်လို့ သိရပါတယ်။



Image: The Nation

ဒီကိစ္စနဲ့ပတ်သက်ပြီးအပစ်ရပ် UWSA ဝပြည်သွေးစည်းညီ ညွတ်ရေးတပ်မတော် တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ဆက်သွယ်မေးမြန်းတော့ လည်းမရခဲ့ပါဘူး။အခုလိုစစ်အစိုးရရဲ့ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက် ပြီးပြင်ဆင်မှုတွေကို တရုပ်နယ်စပ် လေ့လာစောင့်ကြည့်နေသူတွေက တော့ကစထမှူး ဒု– ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် အခုလိုပြောခဲ့တယ်ဆို တာမှန်တယ်လို့ အဆက်အသွယ်တွေကတဆင့်သိရကြောင်းပြောပါ တယ်။အကယ်၍သာအပစ်ရပ်အဖွဲ့တွေစစ်အစိုးရတပ်ရဲ့လက်အောက် ရောက်သွားခဲ့မယ်ဆိုတာနဲ့ပတ်သက်ပြီး တရုပ်နယ်စပ်က စစ်ရေး၊ နိုင်ငံရေးလေ့လာသူဦးအောင်ကျော်ဇောက အခုလိုရှုမြင်ပါတယ်။

*“ လက်နက်ချတာထက်ဆိုးတာပေ့ါ။ လက်နက်ချရင် ကိုယ့်လူတွေ လက်နက်အပ်လိုက်တာနဲ့ ပြီးပြီ။ ကိုယ့်ရပ်ကိုယ့်ရွာပြန်နေလို့ ရတာဘဲ။ သူ့ပုန်ထချင်တဲ့အခါ ကျတော့ ကိုယ့်ဘာသာကိုယ် သေနတ်ရှာပြီးသူပုန်ပြန်ထလို့ရတယ်။ အခုတော့အဲလိုမဟုတ်ဘဲနဲ့ တပ်တွေကို သူတို့ထဲကာကွယ်ရေးဝန်ကြီးဌာနအောက်မှာ၊ သက်ဆိုင်ရာစစ်တိုင်း တွေအောက်မှာ ပြန်လည်ဖွဲ့စည်းပြီးထားဖို့ပေ့ါ”။*

**ဖွဲ့စည်းပုံကိုလက်ခံတယ်ဆို ကတည်းက အခြေခံဥပဒေစည်းမျဉ်းစည်းကမ်း ပြဋ္ဌာန်းချက်ကို ကြိုက်ကြိုက် မကြိုက်ကြိုက် လက်ခံရမဲ့သဘောဖြစ်တယ်။ ကိုယ်ထည်ကြီးရှိတဲ့ လက်နက်ကိုင်အဖွဲ့စည်းအားလုံးက ကိုယ့်တပ်နဲ့ကိုယ်နေလို့ မရတော့ဘူး။ နဂိုပုံစံအတိုင်းနေခွင့်မပေးတော့ဘူးလေ။**

မေလဆန္ဒခံယူပွဲက ထောက်ခံလိုက်ပြီဆိုတဲ့စစ်အစိုးရရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံမှာစစ်တပ်တတပ်ဘဲရှိရမယ်လို့ပါရှိပါ တယ်။ဒါနဲ့ဆက်စပ်ပြီးတော့လဲ *“ဖွဲ့စည်းပုံကိုလက်ခံတယ်ဆို ကတည်းက အခြေခံဥပဒေစည်းမျဉ်းစည်းကမ်း ပြဋ္ဌာန်းချက်ကို ကြိုက်ကြိုက် မကြိုက်ကြိုက် လက်ခံရမဲ့သဘောဖြစ်တယ်။ ကိုယ်ထည်ကြီးရှိတဲ့ လက်နက်ကိုင်အဖွဲ့စည်းအားလုံးက ကိုယ့်တပ်နဲ့ကိုယ်နေလို့ မရတော့ဘူး။ နဂိုပုံစံအတိုင်းနေခွင့်မပေးတော့ဘူးလေ။ သူက တပ်တွေကိုမှချ လက်နက်အပ်ရင်အပ် မအပ်ရင်အဲလိုဘဲအဖျက်ခံရမှာပေ့ါ။ ရှိတဲ့ခေါင်း ဆောင်မှုက ဒေသဆိုင်ရာပါတီအတွေအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ပြီး တော့တကယ်လို့ရွေးကောက်တင်မြောက်ခံရရင် သက်ဆိုင်ရာကိုယ်ပိုင် အုပ်ချုပ်ရေးမြို့နယ်၊ ခရိုင်၊ တိုင်းရဲ့အကြီးအကဲတွေရှိမှာပေ့ါ။ ကျန်တဲ့ အပိုင်း အပစ်ရပ်လက်နက်ကိုင်တွေကိုတော့ခွဲရမှာပေ့ါ”* စစ်တိုင်းတွေ နဲ့တိုက်ရိုက်ဆက်ဆံထိတွေ့နေရတဲ့လက်ရှိအပစ်ရပ်အဖွဲ့တွေကို လော လောဆယ်မှာ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာ အထူးရဲတွေ

စာမျက်နှာ (၂၈) သို့

# ဗိုလ်ချုပ်ရွာမှ လျှို့ဝှက်ဇာတ်လမ်း (ရွှေမန်း သူရဖြစ်လာပုံ)

ဗိုလ်ချုပ်ရွာမှာနေထိုင်ကြတဲ့ ဗမာစစ်အာဏာရှင်တွေဟာ စိတ်ဓါတ်ရေးရာအားဖြင့်ရော၊ အတွေးအခေါ် ဘက်မှာရော၊ အသိပညာပိုင်းမှာရော ၊ အပြုအမူပိုင်းမှာရော အားလုံးအတူတူပါဘဲ။ အံ့ဩစရာကောင်းတာက ဒီလူတွေအားလုံးဘာဖြစ်လို့ဒီလောက်တောင်အစအစ တူနေရပါလိမ့်ဆိုတာပါဘဲ။ သေချာတယ်၊ စစ်တက္ကသိုလ်မှာ သင်ကြားပေးနေတဲ့ ဘာသာရပ်တခုခု အရမ်းကိုချွတ်ယွင်းနေပြီ။

ကျနော်တို့ ဗမာစကားပုံတချို့အရမ်းကိုပညာသားပါတာဘဲ။ ဘာတဲ့လဲ– "အကြံတူ ရန်သူတဲ့" ပြီးတော့ " ခြင်္သေ့နှစ်ကောင်တစ်ဂူ တည်းမအောင်းနိုင်တဲ့" ပြီးရင်ပါသေးတယ် "မြွေမြွေချင်းခြေမြင်" ဆိုတာလေ။ ဒါကြောင့်ကြားသိနေရတာတွေက ကောလဟာလ မဟုတ်ပါဘူး၊ အမှန်အကန်တွေပါဘဲ။ နောက်ဆုံးဗိုလ်ချုပ်တွေကြားအကွဲအပြားတွေဖြစ်လာတာ မဖုံးနိုင်မဖိနိုင်ဖြစ်ပြီးတော့ ဗိုလ်ခင်ညွန့်ကို ဆွဲချလိုက်တာပါဘဲ။

ဒီမတိုင်ခင်လည်း စောမောင်ကိုဖြုတ်ချ၊ ထွန်းကြည်တို့၊ ကျော်ဘတို့ မျိုးညွန့်တို့ကိုဆွဲချ၊ တင်ဦးကိုမှောက်ချတာတွေလဲပါသေးတယ်လေ။

စစ်တက္ကသိုလ်သင် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး ဘာသာရပ်မှာ"တိုင်းပြည်ကိုအုပ်ချုပ်ဖို့ဘာအရည်အချင်းများလိုအပ်သလဲ" ဆိုတဲ့မေးခွန်းလဲပါတယ်။ အဖြေကဒီလိုပါ " လူသူစိတ်ကင်းမဲ့ရမယ်၊ အရေခွံထူရမယ် (ဆင်မနိုင်၊ ကြံ့မနိုင်တဲ့အထိ) နား၊ မျက်စိ၊ နှာခေါင်းကို အစွမ်းကုန်ပိတ်ထားနိုင်ရမယ်။ ပြီးရင် သေနတ်အားကိုးနဲ့ လျှောက်ရမ်းနိုင်ရမယ်"တဲ့။ တခြားဘာအရည်အချင်းမှ မလိုပါဘူးလို့များ ပါသလား မပြောတတ်။

အားလုံးအတူတူဆိုရင်လဲဘဲ ဗိုလ်ခင်ညွန့်က သူတို့ထဲမှာ အတော်ဆုံးဘဲ။ သူကအစ္စရေးကနေစစ်ထောက်လှမ်းရေးပညာအနည်းအကျဉ်းရခဲ့ဖူးတယ်။ ဒါကြောင့်စပ်စုတဲ့နေရာမှာ သူကအားလုံးထက်တော်တယ်။ ဒီအချက်ကသာလျှင် သူ့ဘဝပျက်စေခဲ့တယ်။

ဗိုလ်ချုပ်ရွာမှာ အချောင်း၊ အပွင့်ပေါ်များပေမဲ့ ၊ သူတို့ထဲမှာ အချောင်နည်းနဲ့ အပွင့်ရှင်ဖြစ်နေတဲ့လူတွေလဲပါတယ်လို့ သိရပါတယ်။ အထူးသဖြင့် ဗိုလ်ခင်ညွန့်နဲ့ရာထူးတူဖြစ်နေတဲ့ရွှေမန်းပေ့ါ။ ရွှေမန်းက အချောင်သမားတဲ့။ ရွှေမန်းသူရဖြစ်တဲ့ဇာတ်လမ်းက မေးစရာကွက်လပ်ကြီး ဖြစ်နေတယ်ဆိုပါလား။

ဖြစ်ပုံကဒီလိုပါ။ ကရင်ပြည်ရှေ့တန်းတနေရာမှာ ရွှေမန်းတို့အုပ်စုက တိုက်ပွဲဆင်နွှဲခဲ့တာတဲ့။ အဲဒီမှာတိုက်ပွဲက အရမ်းပြင်းထန်သလို၊ အသေအပျောက်လဲများတယ်လို့ဆိုပါတယ်။ အားလုံးကရှုပ်ရှုပ်ခွဲ့ခွဲ့အသေခံပြီး ခုခံနေတဲ့အချိန်မှာသူရဲကောင်း မောင်ရွှေမန်း ကတော့တစ်မျိုး၊ မှောင်မဲနေတဲ့ ကျောက်ဂူထဲဝင်ပြီး အောင်းနေတာတဲ့။ တိုက်လေယာဉ်တွေရောက်လို့ ဗုံးကြဲစစ်ကူပါမှ အဆိုးဆုံးအခြေအနေ ကျော်လွှားနိုင်တယ်ဆိုလားဘဲ။ အဲဒီမှာ ဗိုလ်ရွှေမန်းသိလဲသိရော ကျောက်ဂူထဲကနေ ထွက်လာတယ်။ ပြီးရင် နီးစပ်ရာမှာသေနေတဲ့ရန်သူ့ဂုတ်ကိုဖြတ်ပြီး နောက်ဆုံးသူရဖြစ်လာတာဘဲ။



သူရ ရွှေမန်း

Image: website

ရွှေမန်း သူရဖြစ်တဲ့ဇာတ်လမ်းကို ဘယ်သူ့မှမသိရင်လဲ အစ္စရေးပညာတော်သင် ဗိုလ်ခင်ညွန့်တော့သိသွားတာပါဘဲ။ အဲဒီအကြောင်းသာလျှင် ဗိုလ်ခင်ညွန့်ကို မပြန်နိုင်တဲ့ ခရီးဆက်ဖို့ဖြစ်လာစေတော့တာဘဲ။

မလောပါနဲ့၊ ရှင်းပြပါမယ်။ ဒီလိုပါ၊ ရာထူးတူ ရွှေမန်းခမြာ သိပ်ပြီး ခင်ညွန့်ဖြစ်ချင်တာဘဲ။ ခင်ညွန့်လိုတီဗွီဖန်သားပေါ် မှာ၊ သတင်းစာမျက်နှာဖုံးမှာပါချင်နေတဲ့စိတ်ကို ရွှေမန်း ဘယ်လိုမှတားမရတော့ပါဘူး။ ဒါနဲ့သူဟာ နေရာတကာဝင်ရှုပ်နေတော့ မကြာခဏဆိုသလို ခင်ညွန့်နဲ့ အတိုက်အခံဖြစ်နေတယ်ဆိုပါလား။

ခင်ညွန့်ကလဲ လူ့ဂွစာ၊ တော်ကြာ အာဏာဝေမစားချင်တော့ အများသူငါရှေ့ရွှေမန်းကို သူရဖြစ်တဲ့ဇာတ်လမ်းမေးပါလေရော။ ရွှေမန်းခမြာ အဲလိုအမေးခံရတော့ ရှက်လဲရှက်၊ ဒေါလဲဖြစ်တာပေ့ါ။ ဒါပေမဲ့ ပေါ် တင်ဘာမှလဲမတတ်နိုင်တော့ "ငါ့ရဲ့အချောင်ပညာနဲ့အခွင့်အရေးဘယ်လိုယူနိုင်တယ်ဆိုတာ အကြောင်းပြတာပေ့ါ" ဆိုပြီး စိတ်ထဲမှာကြိတ်ပြီး ကြိမ်းခဲ့တယ်တဲ့။

ရွှေမန်းရဲ့ အကောက်ကြံ၊ အကြံကောက် အချောင်နည်းပညာအရ၊ ပထမဆုံးစဉ်းစားခဲ့တဲ့အကြောင်းကတော့ လောလောဆယ်ဆက်ဆံရေးလမ်းကြောင်း အက်ကွဲနေတဲ့ မှူးကြီးနှစ်မှူးကြား ယာယီသင့်မြတ်အောင်လုပ်ပြီး ဘယ်လိုချဉ်းကပ်ရမယ်ဆိုတာပါဘဲ။

ကံအသာပေးတယ်လို့ ဆိုရမလားဘဲ၊ ရွှေမန်းအဲလိုစဉ်းစားနေခိုက် ဒီပဲယင်းကိစ္စက ရှေ့မှာတင်အဆင်သင့်ရောက်လာတော့တယ်။ ဒီကိစ္စမှာ ခင်ညွန့်ရဲ့အမြင်ဟာ စောစောက မှူးကြီးနှစ်မှူးနဲ့ အရမ်းကြီးဆန့်ကျင်နေပြီးတော့ အင်မတန်အတိုက်အခံဖြစ်ခဲ့ရတယ်လို့ သိရပါတယ်။အဲဒါကိုအကြောင်းပြုပြီး ရွှေမန်းဟာမှူးကြီးတွေအနား ချဉ်းကပ်ပြီး ကုန်တိုက်ဖွင့်ရပါလေရော။

ဒီလိုနဲ့ဘဲရွှေမန်းဟာ ဒုတိယအကြိမ်အချောင်နည်းနဲ့ ခင်ညွန့်နေရာကိုရလိုက်တယ်လေ။ဗမာပြည်မှာ အခုခေတ်ဟာအချောင်သမားတွေ ကောင်းစားနေတယ်လို့ ဆိုရမလား။ ဘာဘဲဖြစ်ဖြစ်ခင်ညွန့်ခမြာ ဗိုလ်ညွန့်ဖြစ်သွားတာတောင် နောက်ဆုံးသိချင်တာလေးတစ်ခုက "ရွှေမန်းသူရဘယ်လိုဖြစ်" ဆိုတာ သေချာနေကြောင်း တင်ပြလိုက်ပါတယ်ခင်ဗျား။

အစဉ်လေးစားလျက် **ကိုကိုလင်း** *(ရန်ကုန်တက္ကသိုလ်)*

# တိုင်းရင်းသား အခွင့်အရေးနှင့် နအဖ ၏ ၂၀၀၈ ဖွဲ့စည်းပုံ



၂၀၁၀ ရွေးကောက်ပွဲ အသိအမှတ် မပြုရေးအခြေအနေ ပေါ်လာတဲ့ တချိန်ထဲမှာ အသိအမှတ်ပြုပြီး လုပ်ရှားသွားဖို့ ပြင်ဆင်နေသူ တွေလည်းတွေ့ ရပါတယ်။ အဲဒီအထဲက တဦးကတော့ နှစ်ပေါင်းဆယ်စုနှစ်အချို့ ကြာတဲ့အထိ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးအတွက် ဦးတည်ကြိုးပမ်းခဲ့တဲ့ အစဉ်အလာရှိရှမ်းခေါင်းဆောင်တဦးဖြစ်ပါတယ်။

ဖက်ဒရယ်ဆိုတာခွဲထွက်ရေးမဟုတ်၊ စစ်မှန်တဲ့ ပြည်ထောင်စု တည်ဆောက်ရေးဖြစ်တယ်လို့ လူထုကိုရှင်းပြပြီး ဦးဆောင်လှုပ်ရှားခဲ့သူ တွေထဲက တဦးဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်ကြီး ဦးဆောင်မှုနဲ့ တိုင်းရင်းသား နိုင်ငံရေးပါတီတရပ်တည်ထောင်ပြီး ရွေးကောက်ပွဲဝင်ဖို့ ပြင်ဆင်နေ ကြောင်း သတင်းကြားရတဲ့အတွက် နှလုံးစိတ်ဝမ်းမချမ်းမမြေ့ ဖြစ်ရပါတယ်။ ဒီသတင်းကြားသိရတဲ့အခါ ရှစ်လေးလုံးအရေးတော်ပုံကာလက တောင်ကြီးမြို့ ပြည်နယ်ဘောလုံးကွင်းကြီးမှာ လူထုတသိန်းကျော် တက်ရောက်တဲ့ အစည်းအဝေးပွဲကြီးအတွက်ဟောပြောမယ့် ပုဂ္ဂိုလ်တွေနဲ့ အကြောင်းအရာတွေ ကြိုတင်ညှိခဲ့ကြတာကို ပြန်ပြီးအမှတ်ရမိတယ်။ အဲဒီတုန်းက တိုင်းရင်းသား အခွင့်အရေးတွေ လူထုနားလည်အောင်ဖက်ဒရယ်ကိစ္စဟောပြောမယ်လို့ ပြင်းပြင်းထန်ထန်အဆိုပြုခဲ့သူကတော့ ဒီခေါင်းဆောင်ကြီးပါပဲ။

**တိုင်းရင်းသားလူမျိုးတွေရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်အပေါ် အခြေခံတဲ့ ဖက်ဒရယ်ပြည်ထောင်စု မတည်ဆောက်နိုင်ခဲ့တာကြောင့် ကနေ့ပြန်ကြည့်လိုက်တဲ့အခါ တိုင်းရင်းသားတကယ့်အများစုကြီးရဲ့ဘဝဟာ တိရစ္ဆာန်သာသာအဆင့်ကို ကျရောက်နေခဲ့ရှပြီ ဖြစ်တဲ့အကြောင်း ကျောက်ဇန့် ယောင်ဟွေ့က အစည်းအဝေးတခုမှာ ဆို့နင့်ကြေကွဲစွာ ရင်ဖွင့်သွားခဲ့**

ရှမ်းပြည်မှာ ဖက်ဒရယ်ရေးရာဆရာကြီးအဖြစ် အင်မတန်နာမည်ကြီးတဲ့ တောင်ကြီးဦးထွန်းမြင့်ကတောင် ဒီအချိန်ဟာဖက်ဒရယ်ကိစ္စဟောပြောရမယ့် အချိန်မဟုတ်၊ ဒီမိုကရေစီကို ဇောင်းပေးပြောဆိုရမယ့်ကာလဖြစ်တယ်၊ အချိန်မဟုတ်သေးတာကြောင့် ဖက်ဒရယ်ကိစ္စမပြောရင်ပိုကောင်းမယ်လို့ ကန့်ကွက်ခဲ့ပါတယ်။ ဒါပေမယ့် မရပါဘူး။ မလျှော့တမ်းဆက်တောင်းဆိုခဲ့တာကြောင့်အားလုံးကသူ့ကိုလိုက်လျောပြီးဖက်ဒရယ်ကိစ္စ ဟောပြောခွင့် ပြုခဲ့ရတာပါ။ တကယ်ဟောပြောတဲ့အခါမှာဖက်ဒရယ်အကြောင်း အသေအချာမသိသေးတဲ့ထောင်နဲ့ချီလူထုကြီးက လာပြန်ပြီလားကွခွဲထွက်ရေး လို့ ရေရွတ်မြည်တမ်းပြီးထပြန်သွားကြပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် မဆုတ်မနစ် ကြိုးစားစွမ်းဆောင်သွားခဲ့တဲ့ လေးစားဘွယ်ကောင်းတဲ့ ရှမ်းခေါင်းဆောင်နောက်ထပ်တဦးကတော့ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်ရဲ့သား ကွယ်လွန်သူ ဒေါက်တာကျောက်ဇန့်ယောင်ဟွေ့ပါဘဲ။ တိုင်းရင်းသားလူမျိုးတွေရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်အပေါ် အခြေခံတဲ့ ဖက်ဒရယ်ပြည်ထောင်စု မတည်ဆောက်နိုင်ခဲ့တာကြောင့် ကနေ့ပြန်ကြည့်လိုက်တဲ့အခါ တိုင်းရင်းသား တကယ့်အများစုကြီးရဲ့ဘဝဟာ တိရစ္ဆာန်သာသာအဆင့်ကို ကျရောက်နေခဲ့ရပြီ ဖြစ်တဲ့အကြောင်း ကျောက်ဇန့် ယောင်ဟွေ့ က အစည်းအဝေးတခုမှာ ဆို့နင့်ကြေကွဲစွာ ရင်ဖွင့်သွားခဲ့ တာကို အမှတ်ရနေဆဲပါ။ ဖက်ဒရယ်ပြည်ထောင်စုဆိုတာ ဘာလဲလို့ ကျောက်ဇန့်ယောင်ဟွေ့က သာမန်လူတွေနားလည်အောင် ရိုးရိုးကလေး ဥပမာပေးခဲ့တယ်။ သူက ဖက်ဒရယ်ပြည်ထောင်စုကို ရွာကလေးတရွာသဘွယ် တင်စားရှင်းပြသွားခဲ့တယ်။

အဲဒီရွာထဲမှာ အိမ်ကြီးကြီးတွေရှိသလို၊ အိမ်လတ်လတ်၊ ငယ်ငယ်ကလေးတွေလည်း ရှိကြမယ်။ သူ့ခြံဝင်းနဲ့သူ နေကြမယ်။ ကြီးတဲ့ခြံဝင်းလဲ ရှိမယ်။ ငယ်တဲ့ ခြံဝင်းလဲ ရှိမယ်။ ဒါပေမယ့် ဘယ်လိုဘဲဖြစ်

ဖြစ်၊ ကြီးတဲ့ခြံဝင်းမှာနေတဲ့သူလည်း ကြီးတဲ့အလျောက်၊ ငယ်တဲ့ ခြံဝင်းမှာနေတဲ့သူလဲ ငယ်တဲ့အလျောက်၊ သူ့အတိုင်းအတာကလေးနဲ့သူ၊ သူ့ဝင်းသူ့ခြံကလေးထဲမှာလွတ်လွတ်လပ်လပ်နဲ့ သီးပင်စားပင်ကလေးတွေစိုက်မလား၊ စိုက်ခွင့်ရှိမယ်။ ဝက်ကလေး၊ ကြက်ကလေးမွေးမလား၊ မွေးခွင့်ရှိမယ်၊ သူ့အိမ်တွင်းအလိုက် သင့်တင့်လျောက်ပတ်တဲ့ လုပ်ငန်းကလေးတွေ လုပ်မလားလုပ်ခွင့်ရှိမယ်။ တအိမ်နဲ့တအိမ်၊ တခြံနဲ့တခြံ အပြန်အလှန်လေးစားပြီး ငြိမ်းချမ်းညီညွတ်စွာ ဒီရွာကလေးထဲမှာ အတူတကွစုပေါင်းနေကြမယ်။ အဲဒါဟာ ဖက်ဒရယ်ပြည်ထောင်စုပါပဲ တဲ့။ ကျောက်ဇန့်ယောင်ဟွေ့ဟာ သူမြော်မှန်းတဲ့ဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ပေါက်လာတာကိုမတွေ့လိုက်ရဘဲကွယ်လွန်သွားခဲ့ရှာပါပြီ။ ဒါပေမယ့်သူ့အတွေး၊ သူ့အယူအဆ၊ သူ့မြော်မှန်းချက်တွေကို ဆက်လက်ဆုပ်ကိုင်ပြီးတိုက်ပွဲဝင်နေကြတဲ့ တိုင်းရင်းသားပေါင်းစုံလူငယ်တွေ ပြည်ထောင်စုတဝှမ်းမှာအမြောက်အများရှိနေဆဲပါဘဲ။ နအဖရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရအခုတ်မြစ်ချထားတာဟာ ဖက်ဒရယ်ပြည်ထောင်စု လုံးဝမဟုတ်ပါဘူး။ ဗဟိုချုပ်ကိုင်မှု အတင်းကြပ်ဆုံး ဖေါ်ဆောင်ထားတဲ့ တပြည်ထောင်စနစ်သာဖြစ်ပါတယ်။ ဒါကို သိသိကြီးနဲ့ သည်စနစ်ထဲဝင်ပြီးမြှောလိုက်သွားဖို့ပြင်နေတဲ့ တချို့တိုင်းရင်းသားခေါင်းဆောင်တွေ၊ အဖွဲ့အစည်းတွေကို အခုအချိန်မှာ ကျောက်ဇန့်ယောင်ဟွေ့သာမြင်လိုက်မိရင်ဘယ်လောက်များရင်ကွဲရှာမလဲ။ စစ်အာဏာရှင်တွေဟာ အပေါ်ယံမှာရွှေမှုံ့ကြဲ၊ အတွင်းမှာပုပ်ဆွေးနေတဲ့ စနစ်တရပ်ကိုတည်ဆောက်ပြီး လှည့်ပတ်အုပ်ချုပ်တတ်သူတွေဖြစ်ပါတယ်။

၁၉၆၂ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း ၁၉၆၃ မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတည်ထောင်ခဲ့တာတွေ၊ ဆိုရှယ်လစ်စနစ် အတုဖြစ်တဲ့ အညမည အတွေးအခေါ် ဖြန့်ဖြူးခဲ့တာတွေ၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲအတည်ပြုခဲ့တာတွေဟာ စနစ်တရပ်ကို တည်ဖြစ်ပါတယ်။

အခုလည်း နအဖက ဒီမိုကရေစီ ဆိုင်းဘုတ်တပ်ထားပြီး စစ်အာဏာရှင်စနစ်ကို ရာသက်ပန်ကျင့်သုံးနိုင်ဖို့ ၂၀၀၈ ဖွဲ့စည်းပုံကို ဗဟိုပြုလို့ နောက်ထပ်စနစ်တရပ်ကို ဖန်တီးတည်ထောင်ဖို့ ကြိုးစားနေပြန်ပါပြီ။ ဒီစနစ်ဟာပိုပြီး ပုပ်ဟောင်တဲ့နိုင်ငံရေးချဉ်ဖတ်အိုးကြီးပါ။ အဲဒီချဉ်ဖတ်အိုးထဲခုန်ဆင်းပြီး ကဇော်သမားတွေနဲ့အတူ ချဉ်ဖတ်ရည်သွားသောက်မယ်ဆိုရင်တော့ ကိုယ်ပါချဉ်ဖတ်ဖြစ်ပြီး အပုပ်နံ့တွေထွက်လာဖို့သာရှိပါတယ်။ တကယ်လုပ်ရမှာက ချဉ်ဖတ်အိုးရဲ့အပြင်မှာ မားမားရပ်၊ တုတ်ကြီးကြီးကိုင်ပြီး အဲဒီချဉ်ဖတ်အိုးကြီးကို အားကုန်ရိုက်ခွဲပစ်ရမှာပါ။စနစ်ရဲ့အတွင်းပိုင်းကနေဝင်တိုက်ဖို့ကြိုးစားမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီထောင်ပြီး ဝင်ရောက်ယှဉ်ပြိုင်ဘို့ပြင်ဆင်နေကြတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ စဉ်းစားခွင့်ရအောင် လက်ရှိထိုင်းလွှတ်တော်အတွေ့အကြုံနဲ့ နှိုင်းယှဉ်တင်ပြပါရစေ။ထိုင်းနိုင်ငံဒီမိုကရက်တစ်ပါတီက လွှတ်တော်အမတ်တဦးဟာ အမတ်အဖြစ်ကနေ စွန့်လွှတ်ပြီး ထိုင်းအစိုးရ ဌာနချုပ်ရုံးကိုသိမ်း၊ ထိုင်းအစိုးရကို အဆက်မပြတ်ဆန္ဒပြနေတဲ့ ချမ်လောင်းခေါင်းဆောင်တဲ့ လူထုဒီမိုကရေစီတပ်ပေါင်းစုနဲ့ လုံးဝပူးပေါင်းသွားပါတယ်။

ထိုင်းလွှတ်တော်ထဲမှာ ဝန်ကြီးချုပ်ဟောင်း ဆမတ် ဦးဆောင်ခဲ့တဲ့ ပြည်သူ့စွမ်းအားပါတီနဲ့ အခြားမဟာမိတ်နိုင်ငံရေးပါတီတွေ ပေါင်းလိုက်ရင် အမတ်ဦးရေစုစုပေါင်းရဲ့ ငါးပုံသုံးပုံရှိနေကြောင်း၊ ဒီအမတ်တွေအများစုဟာ မဲဝယ်ပြီး ရွေးကောက်ခံရသူတွေ ဖြစ်လာတဲ့အကြောင်း၊ ဒီလူတွေဦးဆောင်ပြီး အစိုးရဖွဲ့ထားတာဖြစ်ကြောင်း၊ လွှတ်တော်ထဲမှာ အတိုက်အခံ ဒီမိုကရက်ပါတီက ငါးပုံနှစ်ပုံရှိနေပေမယ့် အရေးကြီးကိစ္စတွေ ဆုံးဖြတ်တဲ့အခါတိုင်း မဲဝယ်ပြီး ရွေးကောက်ပွဲနိုင်လာတဲ့ အာဏာရအမတ်တွေအများစု နေရာယူထားတာကြောင့် စနစ်ကြီးကိုပြောင်းဖို့

ချဉ်ဖတ်အိုးထဲခုန်ဆင်းပြီး ကဇော်သမားတွေနဲ့
အတူ ချဉ်ဖတ်ရည်သွား သောက်မယ်ဆိုရင်တော့ ကိုယ်ပါချဉ်ဖတ်ဖြစ်ပြီး
အပုပ်နံ့တွေထွက်လာ ဖို့သာရှိပါတယ် တကယ်လုပ်ရမှာက ချဉ်ဖတ်အိုးရဲ့အပြင်မှာ မားမားရပ်၊
တုတ်ကြီးကြီးကိုင်ပြီး အဲဒီချဉ်ဖတ်အိုးကြီးကို အားကုန်ရိုက်ခွဲပစ်ရမှာပါ

ထောင်ဖန်တီးပြီး အုပ်ချုပ်ခဲ့တာဖြစ်ပါတယ်။ ချဉ်ဖတ်အိုးထဲ ကျသွားတဲ့ ဘယ်ဟင်းရွက်မဆို ချဉ်သွားသလို ဒီစနစ်ထဲကိုရောက်သွားခဲ့ရင် ဘယ်သူမဆို စနစ်ရဲ့အစိတ်အပိုင်းအဖြစ်နဲ့ အလုပ်အကျွေးပြုခဲ့ရတာချည်းပါပဲ။ ဆိုရှယ်လစ်ဆိုင်းဘုတ်တပ်ထားတဲ့ စစ်အာဏာရှင်စနစ်ထဲ မြှောလိုက်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ရင်း တိုင်းပြည်ကောင်းအောင် ကြိုးစားသွားမယ်ဆိုတဲ့ နိုင်ငံရေးခေါင်းဆောင် ဆရာကြီးတွေဟာ လက်တွေ့မှာတော့ စနစ်ဆိုးကိုပံ့ပိုးကူညီရတဲ့ အခန်းကဏ္ဍမှာအသုံးတော်ခံသွားခဲ့ရပါတယ်။ ချဉ်ဖတ်အိုးထဲဆင်းရင်း ချဉ်ဖတ်ဘဝကို ပြောင်းသွားရသူချည်း

ဘာမှ လုပ်လို့မရကြောင်း၊ ဒါကြောင့် ပြည်သူ့မဟာမိတ် ဒီမိုကရေစီတပ်ပေါင်းစုနဲ့ပူးပေါင်းပြီး ဒီစနစ်ကြီး လုံးဝပြောင်းအောင်တိုက်ပွဲဝင်ရတာဖြစ်ကြောင်း သူကရှင်းပြခဲ့ပါတယ်။

ဒါပေမယ့် ထိုင်းနိုင်ငံရဲ့ ၂၀၀၇ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အခြေခံပြီး တည်ဆောက်ထားတဲ့ နိုင်ငံရေးစနစ်အောက်မှာ နိုင်ငံရေးပါတီထောင်၊ ရွေးကောက်ပွဲဝင်၊ လွှတ်တော်ထဲမှာ အမတ်အဖြစ်နဲ့စနစ်ပြောင်းဘို့ကြိုးစားရင်တောင် အခ်ပွါယ်ရှိပါသေးတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေထဲမှာ လွတ်လပ်စွာစုဝေးခွင့်အပါအဝင် အခြေခံအခွင့်အရေး

အတော်များများကို အာမခံချက်ပေးထားလို့ဖြစ်ပါတယ်။ လူထုရဲ့ အခြေခံ အခွင့်အရေးတွေကို မထိပါးဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုင်ပြီး လွှတ်တော်ထဲမှာ ဆွေးနွေးခွင့်ရပါတယ်။

နအဖရဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံမှာတော့ အခွင့်အရေး မှန်သမျှကို ကန့်သတ်ချက်ကြီးကြီးတွေနဲ့ ထိန်းချုပ်ထားပါတယ်။ ထိုင်းနိုင်ငံရဲ့ဖွဲ့စည်းပုံမှာ တရားစီရင်ရေးလွတ်လပ်ခွင့်ကို အပြည့်အဝ အာမခံချက်ပေးထားတာကြောင့် လူထုက တရားစီရင်ရေးယန္တရားကိုအားကိုးပြီး ကိုယ့်အခွင့်အရေးအတွက် ကာကွယ်တိုက်ပွဲဝင်နိုင်ပါတယ်။ နအဖရဲ့ဖွဲ့စည်းပုံ မှာတော့ တရားစီရင်ရေးတခုလုံးကို အုပ်ချုပ်ရေးအောက်ထားရှိတဲ့အတွက် ဘာတခုမှအားကိုးလို့ရနိုင်မှာ မဟုတ်ဘူး။ ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီဖွဲ့စည်းဘို့ကြိုးစားခဲ့တဲ့ ခွန်ထွန်းဦးခေါင်းဆောင်တဲ့ ရှမ်းတိုင်းရင်းသားခေါင်းဆောင်တွေကို ထောင်ဒဏ် ၇၅ နှစ်ကနေ ၁၀၆ နှစ် အထိချမှတ်လိုက်တာဟာ ဗိုလ်သန်းရွှေ စစ်အုပ်စုပါ။ ဒင်းတို့အကြိုက်လိုက်လုပ်ပေးခဲ့တဲ့ တရားစီရင်ရေးရဲ့ အနေအထားဟာ ၂၀၀၈ ဖွဲ့စည်းပုံကို အတည်ပြုကျင့်သုံးခွင့်ပေးလိုက်ရင်ပိုဆိုးလာဖို့သာရှိပါတယ်။ ဒါကြောင့် နအဖရဲ့စနစ်အတိုင်းမြှောလိုက်ပြီး နိုင်ငံရေးပါတီထောင် ၂၀၁၀ ရွေးကောက်ပွဲဝင်မယ်ဆိုရင် တိုင်းရင်းသားအခွင့်အရေးဆိုတာ ဝေလာဝေးဖြစ်နေမှာပါပဲ။ ရှမ်းအမျိုးသား ခေါင်းဆောင်ကြီးကျောက်ဇန့်ယောင်ဟွေ့ရဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးရှာကလေးဥပမာနဲ့ပြောရရင်ကိုယ့်ခြံဝင်းကလေး၊ ကိုယ့်အိမ်ကလေးနဲ့ ပြည်ထောင်စုရွာထဲမှာနေချင်ကြတာက တိုင်းရင်းသားတွေရဲ့ဆန္ဒပါ။ နအဖရဲ့ဖွဲ့စည်းပုံအရဆိုရင်တော့ ကိုယ့်အိမ်ကလေးပေါ်မှာ ဘယ်ကလာမယ်မှန်းမသိတဲ့ စစ်ဗိုလ်တစုကိုအိမ်ဦးခန်းမှာတင်ကြွေးထားရတော့မှာဖြစ်တယ်။

ကိုယ့်သမီးပျိုကို အဓမ္မကျင့်ဖို့ကြိုးစားရင်လည်း လက်ပိုက်ကြည့်နေရတော့မယ့် အနေအထားဖြစ်တယ်။ ဒီလို ရာဇဝတ်မှုတွေ မတရားမှုတွေ ကျူးလွန်တဲ့နေရာမှာ အမိန့်ပေးတာဝန်ခံထားတဲ့ တိုင်းပြည်ရဲ့ အုပ်ချုပ်မှုအာဏာပိုင် သမ္မတကိုဘယ်တရားရုံးကမှတရားစွဲခွင့်မရှိစေရဘူးလို့ နအဖဖွဲ့စည်းပုံပုဒ်မ ၂၁၅ မှာ အတိအလင်းပြဌာန်းထားပါတယ်။ ဒီလိုဖွဲ့စည်းပုံမျိုးနဲ့ တိုင်းရင်းသားအခွင့်အရေးတွေကို ကာကွယ်ပြဌာန်းနိုင်ဖို့ တိုက်ပွဲဝင်ခဲ့တာလားလို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းမှန်သမျှကို မေးရမှာဖြစ်ပါတယ်။

**ဦးအောင်ထူး** (တောင်ကြီး)
မြန်မာနိုင်ငံရှေ့နေများကောင်စီ (BLC) အတွင်းရေးမှူး
*DVB (10/10/2008)*



ဦးအောင်ထူး


ၵေႃၸၢဝ်ႉၽူႈတွႆႈႁွၵ်ႈ (ႁွၼ်းဢေႃ)

| | |
|---|---|
| ၽူႈပွင်ၵၢၼ် | ၸၢႆးမိူၼ်းသႅင် |
| ၽူႈထတ်းထွင် (လိၵ်ႈတႆး/မၢၼ်ႈ) | ၸၢႆးသႅင်ၵိူၼ်ႈ |
| ၽူႈသိုဝ်ႉၶၢဝ်ႇ | ၼၢင်းသႅင်ၼဵဝ်ၽႃႉ<br>ၸၢႆးလိူင်းလိူၼ်<br>ၸၢႆးၽွၼ်းလီ (ၼင်ႈလုမ်း)<br>တႅမ်းတၢႆး<br>ၼၢင်းသယၢမ်<br>ဝိရိယ (ပိူၼ်ႈတီႈ) |
| ၽိမ်းလိၵ်ႈ | ၼၢင်းယေႃးႁွမ်ၶိူင်း<br>ၸၢႆးယီႈၽူင်း |
| ႁၢင်ႈမူင်ႈ | ဝႃႈလိင်ႉတ<br>ၸၢႆးၼုမ်ႉႁွၼ်း |

သျှမ်းသံတော်ဆင့်သတင်းစဉ် (Shan Herald)

| | |
|---|---|
| အယ်ဒီတာချုပ် | ဦးခွန်စိုင်း |
| အယ်ဒီတာ (သျှမ်း/ဗမာ) | စိုင်းစိန်ကြည် |
| သတင်းထောက် | နန်းဆယ်နံခယိုဖှာ<br>စိုင်းလျဲန်လေင်<br>စိုင်းဖွမ်းလီ (ရုံး)<br>တိန်းတိုင်း<br>ချိုင်းဆယာမ်<br>ဝိရိယ (ဒေသခံ) |
| စာစီစာရိုက် | နန်းယေ့ဟွမ်<br>စိုင်းယီဖုန်း |
| ဒီဇိုင်း | ဝါလိန္ဒ<br>စိုင်းနွံဂဏ်း |

# ႁူမ်ႈတုမ်ၵိူဝ်ႇၸၢတ်ႈယၢင်းၽိူၵ်ႈ (KNU) လိူၵ်ႈတၢင်ႈ
# ႁူဝ်ပဵၼ်ႈ ၼေႃး ၽူႈပွင်ၵၢၼ်ၵူႈလွင်ႈလွင်ႈ ၵေႃႉမူဝ်ႉ



Photo : NEJ

ပၢင်ၵုမ်လူင်ပွၵ်ႈၵမ်းထိ 14 ၶွင် ႁူမ်ႈတုမ် ၵိူဝ်ႇၸၢတ်ႈယၢင်းၽိူၵ်ႈ (KNU) ၵၢၼ်လတ်း ၸတ်းဝၼ်းထိ 4–6/10/08 ၼၼ်ႉ လႆႈလိူၵ်ႈ ၵၢဝ် လွၼ်သိူၵ်းလူင် သေႃးတႃးမလႃးပေႃး ပဵၼ်ႁူဝ်ပဵၼ်ႈမႂ်ႇ တီႈၼႃး သေႃးပူဝ်ႇမျႃႉ ၵၢၼ်သိၼ်ႈ ၵမ်းသုတ်းမုၼ်ႈၵူႈမိူဝ်ႈ 23/12/2006 ၼလႈ လိူၵ်ႈၸၢင်းၶေႃႉသီးၽူဝ်းၸူးသိၼ်း ပဵၼ်ၽူႈ ပွင်ၵၢၼ်ၵူႈလွင်ႈလွင်ႈ တီႈၼႃးၽတူဝ်းမၢၼ်းသျႃ ၵၢၼ်သိၼ်ႈ ၵမ်းၵူႈမိူဝ်ႈႁူဝ်ပီ 2008 ။

ၶေႃႉသီးၽူဝ်းၸူးသိၼ်း ပဵၼ်လုၵ်ႈယိင်း လွၼ်သိူၵ်းလူင်သေႃးတႃးမလႃးပေႃး မၢၼ်းၸၢင်း မီးပီႈၼွင်ႈ 2 ၵေႃႉ၊ ၵေႃႉယဵင်ႈပဵၼ် ၽူႈၸမ်းၽွၵ်ႈ ၽိၼ်ၵၢၼ်သိူၵ်းၸွမ်းတပ်ႉသိူၵ်းပူတ်းပွႆႇလိူဝ်ႇၸၢတ်ႈ ယၢင်းၽိူၵ်ႈ KNLA လွမ်ႁၢၼ် သေႃးပီလသိၼ်း၊ ၵေႃႉၵၢင်ပဵၼ်ၽူႈၵွၼ်းတပ်ႉလုမ်း 2 လေႃးတွၼ်ႈ တွင်ႈငူႈ ၵိမ်လွမ်ႁၢၼ် သေႃးၵႃးသီ။

မၢၼ်းၸၢင်းၸွႆႈယၢမ်ႈႁဵတ်းၼူးသွၼ်ၸွမ်းတပ်ႉ သိူၵ်း၊ ဝႆႉသေဝၼ်ႈၸုၼ်းမႃးၸိုဝ်းပလေႃးတီႈၵ်ႈ မိူဝ်ႈ 1995 ယဝ်ႉၵေႃႈ ၵွၼ်ႁူဝ်ၵေႃႉတင်ႈ လုမ်း ၸၢင်းယိင်းယၢင်းၽိူၵ်ႈ ႁပ်ႉတၼ်းႁၢင်းႁူဝ်ပဵၼ်ႈ။ 1999 ၵိုတ်းလိုဝ်ႈၵၢၼ်သွၼ်လိၵ်ႈသေႁၢပ်ႉၵိုတ်ႇ ၵၢၼ်ၽွႆႇပႆးပလျႃႉ၊ ၽွႆႇယူႉလီ၊ ၽွႆႇတူင်ႉဝူင်း ၵူၼ်း။ၵွၵ်ႉလိၵ်ႈပိုၼ်ၽေဝ်ႉလွင်ႈသိူၵ်းမၢၼ်ႈၵၼ်ႉ လၼ်ၸၢင်းယိင်းယၢင်းၽိူၵ်ႈ 2 ၽိုၼ် ထိုင်တီႈ UNANCA (The United Nation Association of the National Captial ယုၵ်ႉယွင်ႈ ပၼ်လုမ်ႈသုၼ်ႉလႆႈၵူၼ်း မိူဝ်ႈပီ 2002။ ❑



Photo : NEJ




S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
ตู้ ปณ. 15 ปณฝ. หนองหอย อ. เมือง จ. เชียงใหม่ 50007
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org